နောက်ဆက်တွဲ-၃

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ကဏ္ဍအလိုက် ရည်မှန်းချက်များ

၂၀၁၇ ခုနှစ်၊ မတ်လ

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း



မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | လူမှုစီးပွားရေးညွှန်ကိန်းများ | က-ခ |
| ၁ | နိဒါန်း | ၁ |
| ၂ | ကမ္ဘာ့စီးပွားရေးအခြေအနေ | ၃ |
| ၃ | မြန်မာနိုင်ငံ၏စီးပွားရေးမျှော်မှန်းချက်များ | ၇ |
| ၄ | မေခရိုစီးပွားရေးအခြေအနေ | ၈ |
| ၅ | ကဏ္ဍအလိုက် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ | ၁၆ |
| | (က) လယ်ယာကဏ္ဍ | ၁၆ |
| | (ခ) သားငါးကဏ္ဍ | ၁၈ |
| | (ဂ) သစ်တောကဏ္ဍ | ၂၀ |
| | (ဃ) စွမ်းအင်ကဏ္ဍ | ၂၂ |
| | (င) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၂၃ |
| | (စ) စက်မှုလက်မှုကဏ္ဍ | ၂၅ |
| | (ဆ) လျှပ်စစ်ဓာတ်အားကဏ္ဍ | ၂၆ |
| | (ဇ) ဆောက်လုပ်မှုကဏ္ဍ | ၂၉ |
| | (ဈ) ပို့ဆောင်ရေးကဏ္ဍ | ၃၁ |
| | (ည) ဆက်သွယ်ရေးကဏ္ဍ | ၃၄ |
| | (ဋ) ငွေရေးကြေးရေးကဏ္ဍ | ၃၆ |
| | (ဌ) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ | ၃၉ |
| | (ဍ) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၄၈ |
| | (ဎ) ကုန်သွယ်မှုကဏ္ဍ | ၅၀ |
| ၆ | နိဂုံး | ၅၃ |

# ပုံပြဂရပ်မာတိကာ

ပုံပြဂရပ်




| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ပုံ ၄-၁ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း) | ၉ |
| ၂ | ပုံ ၄-၂ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ ကဏ္ဍကြီးများအလိုက်ပါဝင်မှုအချိုးအစားရည်မှန်းချက်(နှစ်အလိုက်ဈေးနှုန်း) | ၁၁ |
| ၃ | ပုံ ၄-၃ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ Per Capita GDP ရည်မှန်းချက်(နှစ်အလိုက်ဈေးနှုန်း) | ၁၂ |
| ၄ | ပုံ ၄-၄ | ပို့ကုန် လျာထားချက် | ၁၅ |
| ၅ | ပုံ ၄-၅ | သွင်းကုန် လျာထားချက် | ၁၅ |
| ၆ | ပုံ ၅-၁ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ လယ်ယာကဏ္ဍ၏စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်(နှစ်အလိုက်ဈေးနှုန်း) | ၁၇ |
| ၇ | ပုံ ၅-၂ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ သားငါးကဏ္ဍ၏စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်(နှစ်အလိုက်ဈေးနှုန်း) | ၁၉ |
| ၈ | ပုံ ၅-၃ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ သစ်တောကဏ္ဍ၏စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်(နှစ်အလိုက်ဈေးနှုန်း) | ၂၀ |
| ၉ | ပုံ ၅-၄ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ စွမ်းအင်ကဏ္ဍ၏စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်(နှစ်အလိုက်ဈေးနှုန်း) | ၂၂ |
| ၁၀ | ပုံ ၅-၅ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း) | ၂၄ |
| ၁၁ | ပုံ ၅-၆ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ စက်မှုလက်မှုကဏ္ဍ၏စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း) | ၂၆ |
| ၁၂ | ပုံ ၅-၇ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၏စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း) | ၂၉ |

ပုံပြဂရုပ်



| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၃ | ပုံ ၅-၈ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ဆောက်လုပ်မှုကဏ္ဍ၏ စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း) | ၃၁ |
| ၁၄ | ပုံ ၅-၉ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ ပို့ဆောင်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်(နှစ်အလိုက်ဈေးနှုန်း) | ၃၃ |
| ၁၅ | ပုံ ၅-၁၀ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း) | ၃၆ |
| ၁၆ | ပုံ ၅-၁၁ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ ငွေရေးကြေးရေး ကဏ္ဍ၏စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း) | ၃၉ |
| ၁၇ | ပုံ ၅-၁၂ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း) | ၄၈ |
| ၁၈ | ပုံ ၅-၁၃ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း) | ၅၀ |
| ၁၉ | ပုံ ၅-၁၄ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ ကုန်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း) | ၅၂ |

# လူမှုစီးပွားရေးညွှန်ကိန်းများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁ | လူဦးရေ(နှစ်လယ်) | သန်း | ၅၂.၉ | ၅၃.၄ |
| ၂ | ဂျီဒီပီ | ကျပ်သန်း | ၈၀,၁၂၇,၉၈၃.၄ | ၉၁,၃၁၉,၄၃၂.၇ |
| ၃ | ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၅.၇ | ၇.၀ |
| ၄ | တစ်ဦးကျ ဂျီဒီပီ | ကျပ် | ၁,၅၃၃,၂၀၅ | ၁,၇၁၀,၅၈၂ |
| ၅ | စားသုံးမှု | ကျပ်သန်း | ၅၉,၅၅၆,၉၆၃.၅ | ၆၅,၁၀၄,၀၈၃.၄ |
| ၆ | ရင်းနှီးမြှုပ်နှံမှု | ကျပ်သန်း | ၂၆,၇၁၃,၁၅၄.၈ | ၂၇,၆၆၅,၂၇၆.၃ |
| | (က) ပြည်တွင်းရင်းနှီးမြှုပ်နှံမှု | ကျပ်သန်း | ၁၉,၁၃၀,၈၇၁.၆ | ၁၉,၄၁၆,၂၉၉.၇ |
| | (ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | ကျပ်သန်း | ၇,၅၈၂,၄၈၃.၂ | ၈,၂၄၈,၉၇၆.၆ |
| ၇ | ပို့ကုန် | ကျပ်သန်း | ၁၃,၇၉၇,၃၄၄.၉ | ၁၆,၅၉၀,၀၀၀.၀ |
| ၈ | သွင်းကုန် | ကျပ်သန်း | ၁၇,၈၄၆,၄၅၅.၅ | ၁၇,၇၇၅,၀၀၀.၀ |
| ၉ | ကုန်သွယ်မှု ပိုငွေ/ လိုငွေ | ကျပ်သန်း | -၄,၀၄၉,၁၁၀.၆ | -၁,၁၈၅,၀၀၀.၀ |
| ၁၀ | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း | ရာခိုင်နှုန်း | ၈.၂၆* | ၇.၉၀** |
| ၁၁ | ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု | ကီလိုဝပ်နာရီသန်း | ၂၀,၆၂၃.၅ | ၂၃,၆၄၃.၀ |
| ၁၂ | ကမ္ဘာလှည့် ခရီးသည် | ဦးရေ | ၅,၀၄၅,၅၆၆ | ၅,၃၀၀,၁၀၀ |
| ၁၃ | ပညာရေး | | | |
| | (က)သက်ကြီးစာတတ် မြောက်မှုနှုန်း | နှုန်း | ၉၀.၉၃ | ၉၁.၀၇ |
| | (ခ) ကျောင်းနေနှုန်းကြမ်း (မူလတန်း) | နှုန်း | ၁၀၇.၁၃ | ၁၀၄.၉၉ |
| | (ဂ) ကျောင်းနေနှုန်းကြမ်း (အလယ်တန်း) | နှုန်း | ၇၀.၅ | ၇၁.၂ |
| | (ဃ) ကျောင်းနေနှုန်းကြမ်း (အထက်တန်း) | နှုန်း | ၄၇.၃ | ၄၇.၈ |
| | (င) ကျောင်းသားဆရာ အချိုး (မူလတန်း) | အချိုး | ၂၂ | ၂၁ |
| | (စ)ကျောင်းသားဆရာအချိုး(အလယ်တန်း) | အချိုး | ၂၆ | ၂၆ |
| | (ဆ)ကျောင်းသားဆရာအချိုး(အထက်တန်း) | အချိုး | ၂၀ | ၂၀ |

# လူမှုစီးပွားရေးညွှန်ကိန်းများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) |
|---|---|---|---|---|
| ၁၄ | ကျန်းမာရေး | | | |
| | (က)တစ်နှစ်အောက်ကလေးသေဆုံးနှုန်း (အရှင်မွေးကလေး ၁,၀၀၀လျှင်) | ဦးရေ | ၅၄ | ၄၈ |
| | (ခ) ၅ နှစ်အောက်ကလေး သေဆုံးနှုန်း (အရှင်မွေး ကလေး ၁,၀၀၀လျှင်) | ဦးရေ | ၆၃.၄၄ | ၅၅.၇၈ |
| | (ဂ) သားဖွားမိခင်သေဆုံးမှုအချိုး (အရှင်မွေး၁၀၀,၀၀၀လျှင်) | ဦးရေ | ၁၇၈ | ၁၅၀ |
| | (ဃ) ကျွမ်းကျင်သော ဝန်ထမ်းများနှင့် မွေးဖွားမှုနှုန်း | ရာခိုင်နှုန်း | ၆၀ | ၇၀ |

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ဗဟိုစာရင်းအင်းအဖွဲ့၊ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

* ဗဟိုစာရင်းအင်းအဖွဲ့၏ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းဖြစ်ပါသည်။

** ဗဟိုစာရင်းအင်းအဖွဲ့ မှခန့်မှန်းတွက်ချက်ထားခြင်းဖြစ်ပါသည်။

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

# ကဏ္ဍအလိုက် ရည်မှန်းချက်များ

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## ကဏ္ဍအလိုက် ရည်မှန်းချက်များ

**၁။ နိဒါန်း**

ပြည်သူများ၏ လိုအပ်ချက်များနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအပေါ် အခြေပြု၍ တိုင်းပြည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်ပေါ်ပေါက်ရေးနှင့် ပြည်သူလူထုအများစု၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရေးစသည့် မူဝါဒ များဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ချမှတ်ထားသည့် စီးပွားရေး မူဝါဒများ၊ ဦးစားပေးအကောင်အထည်ဖော်မည့်နယ်ပယ်များ၊ ဒေသများနှင့်လုပ်ငန်းများ၊ ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်များနှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအပေါ် အခြေခံ၍ရေးဆွဲထားပါသည်။ ထို့အပြင် ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆံ့လာမည့်ခေတ်မီဖွံ့ဖြိုး တိုးတက်သော စက်မှုနိုင်ငံတော်သစ်ဆီသို့ မျှော်မှန်းပြီး ရေးဆွဲထားသည့် အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(၂၀၁၁-၂၀၃၀)၏ ဒုတိယငါးနှစ်ကာလအတွက် မျှော်မှန်းချက်များနှင့် ပထမငါးနှစ် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော်နိုင်မှု ရလဒ်များအပေါ် အခြေခံ၍ ရေးဆွဲထားပါသည်။

ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်၊ အမျိုးသားပြန်လည် သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝ သယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချ နိုင်မည့် စီးပွားရေးမူဘောင် ချမှတ်နိုင် ရန်၊နိုင်ငံတော်အတွက် အဖက်ဖက်မှ စွမ်းရည်ပြည့်ဝသောလူငယ် မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်၊ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်နိုင်ပြီး တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှု ရလဒ်

ကောင်းများကို အစဉ်အဆက် ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေး စနစ်သစ် တစ်ခုအဖြစ် ထူထောင်ရန် စသည့် ရည်မှန်းချက်များကို ပါဝင်နိုင်ရန် ရေးဆွဲခဲ့ပါသည်။

ချမှတ်ခဲ့သည့်စီးပွားရေးမူဝါဒများနှင့်အညီ လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာတိုးတက်လာစေရေး၊ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ပေးရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် ကဏ္ဍများဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံ ဖော်ထုတ်ရန်၊ သဘာဝ ပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေ ဖြစ်စေမည့် မြို့ပြများတည်ထောင်ခြင်းနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင် နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲ လုပ်ဆောင်နိုင်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ရန် အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ခရီးသွားလာရေး လုပ်ငန်းများ၊ အခြားဝန်ဆောင်မှုလုပ်ငန်းများကို အာရုံစိုက်၍ အထူးဂရုပြု မျှော်မှန်းရေးဆွဲထားပါသည်။

# ကမ္ဘာ့စီးပွားရေးအခြေအနေ

## ၂။ ကမ္ဘာ့စီးပွားရေးအခြေအနေ

ကမ္ဘာ့စီးပွားရေး နှေးကွေးမှု အကျိုးဆက်ကြောင့် ကမ္ဘာ့စီးပွားရေးအခြေအနေသည် ၂၀၁၆ ခုနှစ်တွင် ၃.၁ ရာခိုင်နှုန်း ရှိမည်ဖြစ်သော်လည်း ထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ တိုးတက်နိုင်မှု အလားအလာများကြောင့် ၂၀၁၇ ခုနှစ်တွင် ၃.၄ ရာခိုင်နှုန်း တိုးတက်မည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ၂၀၁၆ ခုနှစ် အောက်တိုဘာတွင် ထုတ်ပြန်သည့် World Economic Outlook October 2016 စာအုပ်တွင် ခန့်မှန်းထားပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အတိုးနှုန်းများ လျော့နည်းလာခြင်းသည် ထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ တရုတ်နိုင်ငံတွင် စီးပွားရေးကျဆင်းခြင်း၊ အာဖရိက-ဆာဟာရ ဒေသခွဲနိုင်ငံများတွင် စီးပွားရေးအခက်အခဲများ၊ ဘရာဇီးနှင့် ရုရှားနိုင်ငံတို့တွင် မေခရိုစီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများ ရှိနေသော်လည်း အမေရိကန် ပြည်ထောင်စု၊ ထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးတိုးတက်နိုင်မည့် အလားအလာကောင်းများ ရှိခြင်းတို့ကြောင့် ကမ္ဘာ့စီးပွားရေး အခြေအနေသည် ၂၀၁၇ ခုနှစ်တွင် ပြန်လည်တိုးတက်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

ဥရောပသမဂ္ဂမှ ဗြိတိန် ခွဲထွက် (Brexit) ပြီးနောက်တွင် တာရှည်ခံကုန်စည်များနှင့်အိမ်ရာဝယ်ယူမှုများ၊ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်သားငှားရမ်းခ သတ်မှတ်မှုများတွင် မသေချာမှုများမှာ တိုးတက်မှုနှုန်း နှေးကွေးစေနိုင်ပြီး စီးပွားရေးဆိုင်ရာ တားဆီးကန့်သတ်မှုများ များပြားလာနိုင်ခြင်းတို့ကြောင့်ဗြိတိန်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုကို ၂၀၁၆ ခုနှစ်တွင် ၁.၈ ရာခိုင်နှုန်း တိုးတက်ရန်နှင့် ၂၀၁၇ ခုနှစ်တွင် ၁.၁ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

အမေရိကန်ပြည်ထောင်စုတွင် ကုန်ပစ္စည်းလက်ကျန် နည်းပါးပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု ဆက်လက်လျော့နည်းခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် ပုံသေရင်းနှီးမြှုပ်နှံမှု အားနည်းခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ်တွင် ၁.၆ ရာခိုင်နှုန်း တိုးတက်ရန်နှင့် စွမ်းအင်ဈေးနှုန်း ကာလရှည် ကျဆင်းခြင်းနှင့် အမေရိကန်ဒေါ်လာဈေးနှုန်း လျော့ကျ

နိုင်ခြင်းတို့ကြောင့် ၂၀၁၇ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂.၂ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်း ထားပါသည်။

၂၀၁၆ ခုနှစ်တွင် ဥရောပသမဂ္ဂမှ ဗြိတိန် ခွဲထွက်မှု (Brexit) အကျိုးဆက်ကြောင့် ဥရောပသမဂ္ဂနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုများ လျော့နည်းခဲ့သော်လည်း သင့်တင့်သော ဘဏ္ဍာရေးဆိုင်ရာ ချဲ့ထွင်နိုင်မှု၊ လွယ်ကူချောမွေ့သော ငွေကြေးမူဝါဒများကြောင့် စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ၁.၇ ရာခိုင်နှုန်း တိုးတက်ရန်နှင့် ၂၀၁၇ ခုနှစ်တွင် ၁.၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများဖြစ်သော ဂျာမဏီနိုင်ငံ၏ ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၂၀၁၆ ခုနှစ်တွင် ၁.၇ ရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်တွင် ၁.၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ပြင်သစ်နိုင်ငံ၏ ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၂၀၁၆ ခုနှစ်တွင် ၁.၃ ရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ် တွင်လည်း ၁.၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ စပိန်နိုင်ငံ၏ ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၂၀၁၆ ခုနှစ်တွင် ၃.၁ ရာခိုင်နှုန်း နှင့် ၂၀၁၇ ခုနှစ်တွင် ၂.၂ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အီတလီနိုင်ငံ၏ ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၂၀၁၆ ခုနှစ်တွင် ဝ.၈ ရာခိုင်နှုန်း နှင့် ၂၀၁၇ ခုနှစ်တွင် ဝ.၉ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးတိုးတက်ရန် ခန့်မှန်းထားပါသည်။

ဂျပန်နိုင်ငံ၏ အခွန်တိုးမြှင့်ကောက်ခံမှုကို ရွှေ့ဆိုင်းခြင်းနှင့် အပိုဆောင်းပေးရသည့် ငွေကြေးစာရင်းနှင့် ငွေကြေးဆိုင်ရာ ထပ်မံဖြေလျှော့မှုများ ပါဝင်သည့် လတ်တလော ထုတ်ပြန်ချက်များမှာ ပုဂ္ဂလိကစားသုံးမှု တိုးတက်လာစေရန် အထောက်အပံ့ဖြစ်စေမည်ဖြစ်သောကြောင့် ၂၀၁၆ ခုနှစ် တွင် ဝ.၅ ရာခိုင်နှုန်းတိုးတက်ရန်နှင့် ၂၀၁၇ ခုနှစ်တွင် ဝ.၆ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ မူဝါဒပြောင်းလဲပံ့ပိုးမှုများကြောင့် ၂၀၁၆ ခုနှစ်တွင် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားပြီး ၂၀၁၇ ခုနှစ်တွင် ၆.၂ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားပါသည်။

အိန္ဒိယနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၂၀၁၆ ခုနှစ်တွင် ၇.၆ ရာခိုင်နှုန်း တိုးတက်မည်ဖြစ်ပြီး ကုန်သွယ်မှုအကျိုးအမြတ် တိုးတက်ဖြစ်ထွန်းမှု၊ ထိရောက်သော စီးပွားရေးမူဝါဒများ ချမှတ်နိုင်မှုနှင့် ပြင်ပအကျိုးသက်ရောက်မှုတို့မှာ စီးပွားရေးတိုးတက်မှု အမြန်ဆုံးဖြစ်ပေါ်စေခဲ့ပြီး၂၀၁၆ ခုနှစ်တွင် ၇.၆ ရာခိုင်နှုန်းထိ တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်သည့် မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည် ပြည်ပဝယ်လိုအား လျော့နည်းမှုကြောင့် ၂၀၁၆ ခုနှစ်တွင် တိုးတက်မှုနှုန်း နှေးကွေးနေမည်ဖြစ်ပြီး အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့သည် ယခုနှစ်တွင် တိုးတက်မှုများ ပိုမိုရရှိနိုင်မည်ဟု ခန့်မှန်းထားပါသည်။ အဆိုပါ အာဆီယံ ၅ နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပိုမိုအားကောင်းနိုင်မည်ဟု ၂၀၁၆ ခုနှစ် အောက်တိုဘာတွင် (IMF) မှ ထုတ်ပြန်သည့် World Economic Outlook တွင် ဖော်ပြထားပါသည်။

မလေးရှားနိုင်ငံ၏ ပို့ကုန်များမှာ ကမ္ဘာ့ဝယ်လိုအား ကျဆင်းမှုနှင့် ရေနံနှင့် အခြားကုန်စည်များ၏ ဈေးနှုန်း အဆမတန် ကျဆင်းခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်း ၄.၂ရာခိုင်နှုန်းခန့် ရှိနိုင်မည်ဟု ခန့်မှန်းထားပါသည်။ မလေးရှားနိုင်ငံ၏ ဒုတိယအကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံ၏တိုးတက်မှုမှာ နှေးကွေးနေသောကြောင့် ၂၀၁၇ ခုနှစ်တွင် တိုးတက်မှုနှုန်း ၃.၉ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

ဗီယက်နမ်နိုင်ငံသည် ပို့ကုန်ဦးစားပေး ထုတ်လုပ်မှုလုပ်ငန်းများ ခိုင်မာလာခြင်း၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းနှင့် ပြည်တွင်းဝယ်လိုအား တိုးတက်လာခြင်းတို့သည် ၂၀၁၆ ခုနှစ်တွင် ၆.၇ ရာခိုင်နှုန်း တိုးတက်နိုင်မည်ဖြစ်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအသစ်များ စီးဝင်မှုကြောင့် ၂၀၁၇ ခုနှစ်တွင် ၆.၈ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါ သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၁၆ ခုနှစ် စီးပွားရေး တိုးတက်မှုနှုန်းမှာ ၄.၈ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားပါသည်။ အစိုးရ၏ အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ရန်ပုံငွေ ပိုမို သုံးစွဲလာခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ခြင်းနှင့် အစိုးရ၏အသုံးစရိတ်များ တိုးမြှင့်သုံးစွဲခြင်းတို့ကြောင့် ၂၀၁၇ ခုနှစ်တွင် တိုးတက်မှုနှုန်းမှာ ၅.၅ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားပါသည်။

ဖိလစ်ပိုင်နိုင်ငံ အနေဖြင့် ပြည်တွင်းဝယ်လိုအား ခိုင်မာလာခြင်းနှင့်အတူ စီးပွားရေး အခြေအနေ အားကောင်းလာခဲ့ပါသည်။ စီးပွားရေးတိုးတက်လာခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့် စားသုံးမှုများ မြင့်မားလာမည်ဟု မျှော်မှန်းထားပါသည်။ ပြည်ပဝယ်လိုအား အခြေအနေမှာ ပြောင်းလဲမှုမရှိသော်လည်း ပြည်တွင်းဝယ်လိုအားနှင့် ရင်းနှီးမြှုပ်နှံမှုများ

ပိုမိုတိုးလာနိုင်သောကြောင့် ၂၀၁၆ ခုနှစ်တွင်ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၆.၀ ရာခိုင်နှုန်းခန့် ရှိနိုင်ပြီး ၂၀၁၇ ခုနှစ် တွင် ၆.၁ ရာခိုင်နှုန်း ရှိမည်ဟု မျှော်မှန်း ထားပါသည်။

ထိုင်းနိုင်ငံတွင်အခြေခံအဆောက်အအုံများတွင်ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာခြင်း နှင့် နိုင်ငံရေးအခြေအနေ တည်ငြိမ်လာခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ်တွင် ၃.၀ ရာခိုင်နှုန်း တိုးတက်ရန်နှင့် ၂၀၁၇ ခုနှစ်တွင် ၃.၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်း ထားပါသည်။

စင်ကာပူနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၁.၈ ရာခိုင်နှုန်း တိုးတက်ရန်နှင့် ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက် လျော့နည်း ကျဆင်းမည်ဖြစ်၍ ၂၀၁၇ ခုနှစ်တွင်လည်း ဂျီဒီပီတိုးတက်မှုနှုန်း ၁.၈ ရာခိုင်နှုန်း တိုးတက် နိုင်မည်ဟု ခန့်မှန်းထားပါသည်။

# မြန်မာနိုင်ငံ၏စီးပွားရေးမျှော်မှန်းချက်များ

## ၃။ မြန်မာနိုင်ငံ၏စီးပွားရေးမျှော်မှန်းချက်များ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း၏ပထမ (၆) လပတ် အကောင်အထည်ဖော်မှုအရ စီးပွားရေးတိုးတက်မှုနှုန်း လျော့နည်းခဲ့ပါသည်။ အထူးသဖြင့် လယ်ယာသီးနှံများ အထွက်ကျဆင်းခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သစ်ခုတ်မှုများ ရပ်ဆိုင်းထားခဲ့ခြင်း၊ စွမ်းအင်ကဏ္ဍတွင် ရေနံစိမ်းနှင့် သဘာဝဓါတ်ငွေ့ ဈေးနှုန်းများ ကျဆင်းခြင်းတို့နှင့်အတူ ထုတ်လုပ်မှုများလည်း ကျဆင်းခဲ့ပါသည်။ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်မှုနှေးကွေးခြင်းနှင့်အတူ စက်မှုလက်မှုထုတ်ကုန်များတွင်လည်း မျှော်မှန်းထား သကဲ့သို့ ထုတ်လုပ်နိုင်ခြင်း မရှိခဲ့ပါ။ သို့ဖြစ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေ အရ မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းမှာ ၅.၇ ရာခိုင်နှုန်း ဖြစ်ပေါ်မည်ဟု ခန့်မှန်းထားပါသည်။

ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ထုတ်လုပ် ဆောင်ရွက်နိုင်မှု၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ စီးဝင်မည့် အလားအလာများ၊ ပို့ကုန်သွင်းကုန် မျှော်မှန်းချက်များနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ စသည်တို့ကို မျှော်မှန်းပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မှုကို ၇.၀ ရာခိုင်နှုန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

အမျိုးသားစီမံကိန်း ရည်မှန်းချက်များ ရေးဆွဲဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် စီးပွားရေးမူဝါဒများ၊ ဦးစားပေး အကောင်အထည်ဖော်မည့် နယ်ပယ်များ၊ ဒေသများနှင့်လုပ်ငန်းများ၊ ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များအပေါ် ရည်မှန်းဆောင်ရွက် ထားရှိပါသည်။

ထို့အပြင် ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆံ့လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်သစ်ဆီသို့ မျှော်မှန်းပြီး ရေးဆွဲထားသည့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၁-၂၀၃၀)၏ ဒုတိယငါးနှစ်ကာလအတွက် မျှော်မှန်းချက်များ၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ မူဘောင်ပါ ဆက်လက်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ မြန်မာ့စက်မှုဖွံ့ဖြိုးမှု မျှော်မှန်းချက်တို့နှင့် ပထမငါးနှစ် အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်နိုင်မှု ရလဒ်များအပေါ် အခြေပြု ရေးဆွဲထားပါသည်။

# မေခရိုစီးပွားရေးအခြေအနေ

၄။ မေခရိုစီးပွားရေးအခြေအနေ

(က) လူဦးရေ

မြန်မာနိုင်ငံ၏လူဦးရေကို ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင် စာရင်းစာရင်းပေါ် အခြေခံ၍ ခန့်မှန်းရာတွင် မြန်မာနိုင်ငံ၏ လူဦးရေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၂.၉ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅၃.၄ သန်း ရှိမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းဆအနေဖြင့်၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် တစ်စတုရန်းကီလိုမီတာ၌ ၇၉ ဦး နေထိုင်မည်ဟု ခန့်မှန်းထားပါသည်။တိုင်းဒေသကြီး၊ပြည်နယ်များအနက် ရန်ကုန်တိုင်းဒေသကြီးတွင် တစ်စတုရန်းကီလိုမီတာတွင် ၇၇၃ ဦး ဖြင့် လူဦးရေ အထူထပ်ဆုံး နေထိုင်မည်ဖြစ်ပြီး ချင်းပြည်နယ်တွင် တစ်စတုရန်းကီလိုမီတာတွင် ၁၄ ဦးဖြင့် လူဦးရေသိပ်သည်းဆ အနည်းဆုံးနေထိုင်မည် ဖြစ်ပါသည်။


(ခ) **စီးပွားရေး တိုးတက်မှုနှုန်း**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၉၁,၁၁၉,၄၃၂.၇ သန်း ရရှိရန်နှင့်စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ တစ်ဖက်ပါ ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

## ပုံ ၄-၁

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၄.၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၉.၇ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၆.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်လျာထားပါ သည်။

လယ်ယာကဏ္ဍကြီးတွင် အဓိကအားဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရာသီဥတု ကောင်းမွန်ပြီး၊ မိုးသီးနှံစိုက်ပျိုး ထုတ်လုပ်မှု အလားအလာ ပိုမို ကောင်းမွန်မည်ဟု ခန့်မှန်းထားပါသည်။ တောင်သူများ ဝင်ငွေပိုမို ရရှိသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကိုလည်း ပိုမိုထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားပါ သည်။ အသားနှင့်ငါး ထုတ်လုပ်မှုတွင်လည်း ပြည်တွင်းစားသုံးမှု သာမက ပြည်ပသို့ တင်ပို့ရန်နှင့် ပြည်တွင်း၌ပင် ထပ်ဆင့်တိုးတန်ဖိုးရရှိရေး ပိုမိုဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားပါသည်။

စက်မှုကဏ္ဍကြီးတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းနှင့်အတူ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်ရန်နှင့် အထူး

သဖြင့် စက်မှုဇုန်များပိုမို ဖွံ့ဖြိုးလာခြင်းနှင့်အတူ ထုတ်လုပ်မှုများ ပိုမိုထွက်ရှိမည်ဟု ရည်မှန်းထားပါသည်။ ထို့အပြင် အခြေခံအဆောက်အအုံများဖြစ်သည့် လျှပ်စစ်ဓါတ်အားပေး စက်ရုံများနှင့် ဓါတ်အားလိုင်းများ တည်ဆောက်ခြင်း၊ လမ်းများ၊ တံတားများအသစ်ဆောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရန် လျာထားပါသည်။


ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ဆက်သွယ်ရေး ပိုမိုလွယ်ကူချောမွေ့ပြီး ကုန်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးရန် ရည်မှန်းထားပါသည်။ ထို့အပြင် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန်နှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ တိုးတက်ရန် မျှော်မှန်းထားပါသည်။

## (ဂ) ကဏ္ဍကြီးများအလိုက် GDP တွင်ပါဝင်မှု အချိုးအစားရည်မှန်းချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် လယ်ယာကဏ္ဍကြီး မှ ပါဝင်မှုအချိုး ၂၃.၈ ရာခိုင်နှုန်း ၊ စက်မှုကဏ္ဍကြီးမှ ပါဝင်မှုအချိုး ၃၅.၉ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှု ကဏ္ဍကြီးမှ ပါဝင်မှုအချိုး ၄၀.၃ ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ရန်ရည်မှန်းထားပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်းတွင် ကဏ္ဍကြီးများအလိုက် ပြောင်းလဲရန် ရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ တစ်ဖက်ပါပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

## ပုံ ၄-၂

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ကဏ္ဍကြီးများအလိုက် GDP တွင် ပါဝင်မှုအချိုးအစား ရည်မှန်းချက်





ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**(ဃ) Per Capita GDP**

ရည်မှန်းထားသည့် စီးပွားရေးတိုးတက်မှုနှုန်း ရရှိအောင် အကောင်အထည်ဖော်နိုင်မည်ဆိုပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နှစ်အလိုက်ဈေးနှုန်းအရ Per Capita GDP မှာ ၁,၇၁၀,၅၈၂ ကျပ် ဖြစ်ပေါ်လာရန် ရည်မှန်းထားပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း Per Capita GDP ရည်မှန်းချက်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေ Per Capita GDP တို့ကို နှိုင်းယှဉ်၍ တစ်ဖက်ပါ ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

## ပုံ ၄-၃
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## Per Capita GDPရည်မှန်းချက်




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

### (င) ငွေကြေးဖောင်းပွမှုနှုန်း

စားသုံးသူဈေးဆနှုန်း (CPI) ကိုအခြေခံသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်တွင် ၉.၁၆ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း ၇.၉၀ ရာခိုင်နှုန်း ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားပါသည်။

### (စ) နိုင်ငံခြားငွေလဲလှယ်နှုန်း

နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းခြင်း အစီအစဉ်ကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီးမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ရည်ညွှန်း နိုင်ငံခြားငွေလဲလှယ်နှုန်း (Daily Reference Exchange Rate) ကို ထုတ်ပြန် ပေးလျက်ရှိပါသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ တစ်ယူနစ်လဲလှယ်နှုန်းမှာ ၁,၂၉၄ ကျပ်ရှိခဲ့ရာမှ ဇွန်လတွင် ၁,၁၈၁ ကျပ် ထိ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ဩဂုတ်လမှစ၍မြန်မာကျပ်ငွေတန်ဖိုးကျဆင်းမှုပြန်လည်ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်တစ်ဒေါ်လာ

နှင့်ညီမျှသည့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ၁,၂၈၅ ကျပ်နှင့် နိုဝင်ဘာလ တွင် ၁,၃၀၈ ကျပ်ထိ ပြန်လည် မြင့်တက်ခဲ့ပါသည်။

**(ဆ) ရင်းနှီးမြှုပ်နှံမှုအခြေအနေ**

နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေး မူဝါဒများ၊ ပြည်ထောင်စုဝန်ကြီး ဌာနများ၏ မူဝါဒများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ မူဝါဒများ၊ ဦးစားပေး အစီအစဉ်များနှင့်အညီ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို ညှိနှိုင်း ရေးဆွဲခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန် ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ အောက်ပါဇယားဖြင့် ဖော်ပြပါသည်-

**ဇယား၄-၁**

**ပိုင်ဆိုင်မှုအခန်းလိုက်ရင်းနှီးမြှုပ်နှံမှု**

| ပိုင်ဆိုင်မှုအခန်း | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) |
|---|---|---|---|
| နိုင်ငံပိုင် | ကျပ်သန်း | ၆,၃၁၂,၃၆၀.၆ | ၆,၀၀၄,၆၈၇.၇ |
| သမဝါယမပိုင် | ကျပ်သန်း | ၃,၃၅၈.၅ | ၃,၅၀၂.၃ |
| ပုဂ္ဂလိကပိုင် | ကျပ်သန်း | ၂၀,၃၉၇,၆၃၅.၇ | ၂၁,၆၅၇,၀၈၆.၃ |
| **စုစုပေါင်း** | ကျပ်သန်း | **၂၆,၇၁၃,၃၅၄.၈** | **၂၇,၆၆၅,၂၇၆.၃** |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အထူးသဖြင့် စီးပွားရေးအရ အကျိုးအမြတ်နည်းပြီး ပုဂ္ဂလိကမှ ဆောင်ရွက်ရန် စိတ်ဝင်စားမှုနည်းသည့် ပြည်သူ့အကျိုးပြုလုပ်ငန်း (လမ်း၊ တံတား၊ ဆေးရုံ၊ ရုံး၊ ကျောင်း၊ ရေနှင့် မီးလင်းရေးစသည့်) များတွင် ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံတော် အပိုင်းမှ ဦးစားပေး ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

## (ဓ) ပြည်ပကုန်သွယ်ရေးအခြေအနေ


ပြည်ပပို့ကုန်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေတွင် အမေရိကန်ဒေါ်လာ ၁၁,၆၄၃.၃ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အမေရိကန်ဒေါ်လာ ၁၄,၀၀၀.၀သန်းရရှိရန် မျှော်မှန်းထားပါသည်။

အဓိက ပို့ကုန်များမှာ လယ်ယာထွက်ကုန် ပစ္စည်းများ၊ သတ္တုတွင်းထွက်နှင့် ကျောက်မျက်ရတနာများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ချုပ်ပြီးအထည်နှင့် ရေထွက်ပစ္စည်းတို့ဖြစ်ပါသည်။ သွင်းကုန်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ယာယီ)တွင် အမေရိကန်ဒေါ်လာ ၁၅,၀၆၀.၃သန်းရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အမေရိကန်ဒေါ်လာ ၁၅,၀၀၀.၀ သန်းရရှိရန်မျှော်မှန်းထားပါသည်။အဓိကသွင်းကုန်များမှာအခြေခံကျသောကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေသည့် ရင်းနှီးကုန်ပစ္စည်းများ၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်းများ ဖြစ်ပါသည်။

ကုန်သွယ်မှုပမာဏအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေတွင်အမေရိကန်ဒေါ်လာ ၂၆,၇၀၃.၆ သန်းရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် အမေရိကန်ဒေါ်လာ ၂၉,၀၀၀.၀ သန်းရရှိရန် မျှော်မှန်းထားပါသည်။ ကုန်သွယ်မှု ပိုငွေ/လိုငွေ အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေတွင် အမေရိကန်ဒေါ်လာ ၃,၄၁၇.၀ သန်း လိုငွေပြမည်ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အမေရိကန်ဒေါ်လာ ၁,၀၀၀.၀ သန်း လိုငွေဖြစ်ပေါ်မည်ဟု ခန့်မှန်းထားပါသည်။


# ပို့ကုန်သွင်းကုန်လျာထားချက်

## ပုံ(၄-၄) ပို့ကုန် လျာထားချက်




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အဓိက ပို့ကုန်များဖြစ်သည့် ရေနံနှင့် ရေနံထွက်ပစ္စည်းများတွင် အမေရိကန်ဒေါ်လာ ၃,၃၂၉.၆ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်းများတွင်အမေရိကန်ဒေါ်လာ၃,၂၈၀.၈သန်း၊ ချုပ်ပြီးအထည်တွင်အမေရိကန်ဒေါ်လာ ၁,၇၀၀.၀ သန်း၊ သတ္တုတွင်းထွက်နှင့် ကျောက်မျက် ရတနာများတွင် အမေရိကန်ဒေါ်လာ ၁,၂၁၂.၈ သန်းနှင့်ရေထွက်ပစ္စည်းတွင် အမေရိကန်ဒေါ်လာ ၅၂၅.၀သန်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများတွင် အမေရိကန်ဒေါ်လာ ၁၅.၀ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄,၀၀၀.၀ သန်း တင်ပို့ရန် ရည်မှန်းထားပါသည်။

## ပုံ(၄-၅)သွင်းကုန် လျာထားချက်




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အဓိက သွင်းကုန် များဖြစ်သည့် ရင်းနှီးကုန်ပစ္စည်းများတွင် အမေရိကန်ဒေါ်လာ ၆,၃၃၃.၁ သန်း၊ လုပ်ငန်းတွင်းသုံးကုန်ကြမ်းတွင် အမေရိကန်ဒေါ်လာ ၅,၀၂၇.၃သန်းနှင့် အရန်ပစ္စည်းများတွင် အမေရိကန်ဒေါ်လာ ၃,၆၃၉.၆ သန်းနှင့် စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၅,၀၀၀.၀ သန်းတင်သွင်းရန် ရည်မှန်းထား ပါသည်။

ဓာတ်မြစ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးရည်မှန်းချက်များ

## ၅။ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးရည်မှန်းချက်များ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) လယ်ယာကဏ္ဍ

လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရန်နှင့် အလေအလွင့် နည်းပါးစေရန်အတွက် မြေပြုပြင်သည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ လုပ်ငန်းစဉ်များတွင် စက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေးအတွက် စနစ်ကျစက်မှုလယ်ယာမြေများ ဖော်ထုတ်ခြင်း၊ တောင်သူများ လယ်ယာသုံးစက်ကိရိယာများကို ကိုင်တွယ်သုံးစွဲနိုင်ရန်အတွက် သင်တန်းပို့ချခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းရည်မှန်းချက်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ နှစ်ကုန်ခန့်မှန်းခြေထက် စုစုပေါင်းစိုက်ဧက ၁၃၆,၈၃၀ ဧက၊ ရာခိုင်နှုန်းအားဖြင့် ၀.၃ ရာခိုင်နှုန်း တိုးတက်ရည်မှန်းထားပါသည်။ မိုးစပါး စိုက်ပျိုးမှုတွင် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲစိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးခြင်း၊ သီးနှံတစ်မျိုးတည်းမှ နှစ်သီး သုံးသီးစိုက် သီးနှံပုံစံ ပြောင်းလဲစိုက်ပျိုးရန်၊ မြေဩဇာအချိန်ကိုက် အချိုးကျထိထိရောက်ရောက် ထည့်သွင်းရန်၊ ပိုးမွှားရောဂါ ကာကွယ်ရန် တောင်သူပညာပေး ဆွေးနွေးခြင်း လုပ်ငန်းများစည်းရုံး ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေရရှိရေး၊ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေးအတွက် မြစ်ကမ်းထိန်း တမံတည်ဆောက်ခြင်း၊ မြစ်ရေတင်လုပ်ငန်းများတည်ဆောက်၍ အောင်ရေပေးဝေခြင်း၊ ရေမြေသဘာဝအရရေမြုပ်ခံစပါး၊ ရေငတ်ခံ၊ရေအနည်းလို၊ ဆားငန်ခံ၊ ဆည်ရေသောက်လယ်စပါး(သက်လျင်)မျိုးများ၊ မိုးကောင်းသောက် စပါးမျိုးများ၊ အရည်အသွေးကောင်း စပါးမျိုးများကို စိုက်ပျိုးရန်ရည်မှန်းခြင်း၊ မြေပြုပြင်ခြင်းမှ ရိတ်သိမ်းခြွေလှေ့သည်အထိ လုပ်ငန်းစဉ်များတွင် စက်ကိရိယာများ ပိုမိုသုံးစွဲရန်ရည်မှန်းထားခြင်း၊ စက်မှုလယ်ယာ စနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်မှန်းထား

ခြင်း၊ ရေမြေရာသီဥတုနှင့်ကိုက်ညီသော ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးရန် ရည်မှန်းထားပါသည်။

လယ်ယာကဏ္ဍသီးနှံများ အရည်အသွေး ကောင်းမွန်ပြီး အထွက်နှုန်း တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးနှင့် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုး နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အဓိကသီးနှံများဖြစ်သည့် စပါး၊ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံ မျိုးကောင်းမျိုးသန့်များကို မျိုးစေ့ခြံများတွင် တိုးတက်ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။ စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုတွင် တင်း ၁.၆ သိန်းကျော် ထုတ်လုပ်ဖြန့်ဖြူးရန် ရည်မှန်းထားပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၄,၇၅၁,၃၀၆.၂ သန်းနှင့် ပုံမှန်ဈေးနှုန်းအရ ၄.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ အောက်ပါ ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

**ပုံ ၅-၁**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း**

**လယ်ယာကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**(ခ) သားငါးကဏ္ဍ**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ အပိုဝင်ငွေ ရရှိရန်အတွက် အထောက်အကူပြုလုပ်ငန်းများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ တန်ဖိုးမြှင့် တိရစ္ဆာန်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ ဒေသနွားများအား မျိုးမြှင့်တင်၍ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ တိုးတက်ရရှိနိုင်ရေးတို့အတွက် တိရစ္ဆာန်မွေးမြူရေးနှင့် ခေတ်မီနည်းပညာသစ်များကိုသင်တန်းပို့ချပေးခြင်း၊ ကာကွယ်ကုသခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ ဖြန့်ဖြူးပေးခြင်း၊ တိရစ္ဆာန်အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် Public Private Partnership စနစ်ကျင့်သုံး၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်တွင်းပြည်ပ ဈေးကွက်တွင် ဖွံ့ဖြိုး တိုးတက်စေခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားရှိပါသည်။

ငါးမွေးမြူရေးကန်များအတွင်းသို့ ပုစွန်များ ရောနှောမွေးမြူသည့်စနစ်ကို ကျင့်သုံး ခြင်း၊ အင်း၊ အိုင်၊ ချောင်း၊ မြောင်းနှင့် စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းတို့ကို ဆက်လက်၍ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ငါး၊ ပုစွန်မွေးကန် ဧက ၄၇၆,၄၆၅ နှင့် အင်းဦးရေ ၃,၂၁၁ တို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်နှင့် အရည်အသွေးမီသော တိရစ္ဆာန်ထွက်ပစ္စည်းများ တိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် တိရစ္ဆာန်အာဟာရဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းတို့ကို ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အတူ ငါးလုပ်ငန်းဦးစီးဌာနမှလည်း ငါးပိုမိုမွေးမြူ ထုတ်လုပ်နိုင်ရန်အတွက် ရေချိုရေငန် ငါးမွေးမြူဖမ်းဆီး ထုတ်လုပ်မှုတွင် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းနည်းစနစ်၊ ငါးဖမ်းကိရိယာအမျိုးအစားနှင့် ငါးဖမ်းကွက်များကို ငါးလုပ်ငန်းဥပဒေနှင့်အညီ စီမံကြီးကြပ်ဆောင်ရွက်သွားမည်။ ဒေသမျိုးရင်းငါး၊ တိရစ္ဆာန်မျိုးစိတ်များအား မျိုးမြှင့်တင်

ခြင်း၊ မျိုးစပ်မွေးမြူခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသမျိုးရင်းငါး၊ တိရစ္ဆာန် မျိုးစိတ်များ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ လိုအပ်သောဥပဒေများ ပြဋ္ဌာန်း၍ ကြီးကြပ် ဆောင်ရွက်သွားမည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အသားပိဿာထောင်ပေါင်း ၁,၉၃၈,၀၃၂ ထုတ်လုပ်၍ ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်နှင့် ငါး၊ ပုစွန် ထုတ်လုပ်မှုတွင် ငါးပိဿာထောင်ပေါင်း ၃,၁၈၄,၇၇၆ နှင့် ပုစွန်ပိဿာထောင်ပေါင်း ၃၅၀,၇၂၃ စုစုပေါင်း ပိဿာထောင်ပေါင်း ၃,၅၃၅,၄၉၉ ထုတ်လုပ်ရန် နှင့် ၂.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၆,၉၇၀,၉၀၄.၆ သန်း ပုံမှန်ဈေးနှုန်းအရ ၃.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ အောက်ပါ ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

**ပုံ ၅-၂**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း**

**သားငါးကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## (ဂ) သစ်တောကဏ္ဍ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို လုံးဝ ရပ်ဆိုင်းခဲ့ပြီး လက်ကျန်သစ်များကိုသာ ထုတ်လုပ်ခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်အခန်းမှ ပြန်လည် ထုတ်လုပ်ရန်နှင့် ပုဂ္ဂလိကပိုင်အခန်းမှ ကျွန်းစိုက်ခင်းနှင့် သစ်မာစိုက်ခင်းများမှ ထွက်ရှိသည့် ကျွန်းနှင့်သစ်မာတိုင်၊ ကျွန်းနှင့် သစ်မာချောတို့ကို ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်း စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများ၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများ၊ ထင်းအစားအခြား လောင်စာတိုးမြှင့်အသုံးချရေးလုပ်ငန်းများ၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောတိုးချဲ့ ဖွဲ့စည်းခြင်း လုပ်ငန်းများနှင့် သစ်တောထိန်းသိမ်းမှု လုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

သစ်တောကဏ္ဍ၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်အခန်းမှ ကျွန်း ကုဗတန် ၁၅,၀၀၀၊ သစ်မာ ကုဗတန် ၃၅၀,၀၀၀၊ ကိုင်းဖျား ကိုင်းနား ကုဗတန် ၁,၅၀၀၊ ပုဂ္ဂလိကပိုင် ကျွန်းနှင့်သစ်မာတိုင် ၆၁,၇၄၉ လုံး၊ ကျွန်းနှင့်သစ်မာချော ၁၃၁,၇၅၀ လုံး၊ ထင်း ၂၅၉,၉၆၁ ကုဗတန် (ထောင်ပေါင်း)၊ မီးသွေး ၂၀၃,၃၀၀ ကုဗတန် (ထောင်ပေါင်း)၊ ဝါး လုံး (ထောင်ပေါင်း) ၁၅၉,၉၀၀ ၊ ကြိမ် ၆,၂၆၇ လုံး (ထောင်ပေါင်း)၊ ရှားစေး ၁၄၀,၆၉၈ ပိဿာ၊ သစ်ခေါက် ၈၈၁,၇၃၈ ပိဿာနှင့် ဓနိသက်ငယ် ၄၂,၆၂၇ ပျစ်(ထောင်ပေါင်း) ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ စုစုပေါင်း သစ်တောဖုံးလွှမ်းမှု ဧရိယာ ၁၁၂,၁၂၇ စတုရန်းမိုင်တွင် သစ်တောကြိုးဝိုင်း ဖွဲ့စည်းခြင်းကို ဧရိယာ ၇၀,၅၉၅ စတုရန်းမိုင် ဖွဲ့စည်းရန်နှင့် ၆၃.၀ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းအနေဖြင့် ကျွန်းစိုက်ခင်း၊ သစ်မာစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းနှင့် အရိပ်ပင်စိုက်ခင်းစုစုပေါင်းသစ်တောစိုက်ခင်းဧရိယာဧက ၂၄,၀၀၀ ကျော်ခန့်ကို စိုက်ပျိုး တည်ထောင်ရန် လျာထားပါသည်။

ရေမြေသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်သစ်တောထိန်းသိမ်းမှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပဝတ္တိမျိုးဆက်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ အုပ်မိုးကာဆိုင်းလှဲခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ ပင်ကျပ်နှုတ်ခြင်း၊ နွယ်ဖြတ်ညှောင်ပတ်လှဲခြင်း၊ မီးကာကွယ်ခြင်း လုပ်ငန်းများကို စုစုပေါင်း ၃၇၆ ဧက(ထောင်ပေါင်း)နှင့် သစ်တောလမ်းများပြင်ဆင်ခြင်း၊ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်းများကို စုစုပေါင်း မိုင် ၄,၁၈၅ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။


၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း သစ်တောကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၇၂,၆၇၄.၅ သန်းနှင့် ပုံမှန်ဈေးနှုန်းအရ ၃၄.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှစ်ကုန် ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ အောက်ပါ ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

**ပုံ ၅-၃**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း**

**သစ်တောကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## (ဃ) စွမ်းအင်ကဏ္ဍ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ရဲတံခွန် သဘာဝဓာတ်ငွေ့ ရေနံမြေမှ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းအထွက်နှုန်း ကျဆင်းမည်ဟု ခန့်မှန်း သော်လည်း ရွှေ၊ ဇော်တိက၊ ရတနာ၊ ရဲတံခွန် သဘာဝဓာတ်ငွေ့ ရေနံမြေများမှ ကမ်းလွန် သဘာဝဓာတ်ငွေ့ ကုဗပေ ဖ၆၈,၇၇၅ သန်း ထုတ်လုပ်ရန်၊ ရတနာ သဘာဝဓာတ်ငွေ့ ရေနံမြေနှင့် ဇော်တိကသဘာဝ ဓာတ်ငွေ့ရေနံမြေတို့မှ ကမ်းလွန် သဘာဝဓာတ်ငွေ့များကို နေ့စဉ် ကုဗပေ ၂.၆ သန်းခန့်အထိ ရယူပြီး ဘူးသွင်း သဘာဝဓာတ်ငွေ့အဖြစ် ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရကျပ် ၃,၀၄၄,၁၄၅.၇ သန်း နှင့် ပုံမှန်ဈေးနှုန်းအရ ၃.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှု တန်ဖိုးရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ အောက်ပါ ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

**ပုံ ၅-၄**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း**

**စွမ်းအင်ကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## (င) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် တွင်းထွက်နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ တွင်ပုဂ္ဂလိကလုပ်ငန်း၊ ကုမ္ပဏီများနှင့် အကျိုးတူဖက်စပ်ပူးပေါင်း ဆောင်ရွက်ရာတွင်ကုမ္ပဏီနှင့်အဖွဲ့အစည်းများမှ ဓာတ်သတ္တုနှင့် ကျောက်မျက်လုပ်ကွက်များတွင်ရှာဖွေစမ်းသပ်ခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်ရာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊နည်းဥပဒေများ၊ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်တို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။ ကျောက်မျက်ရတနာများ ပြည်ပသို့ တရားမဝင် သယ်ဆောင်မှု လျော့နည်းပပျောက်စေရန် One Stop Service Centre များ ဖွင့်လှစ်၍ တရားဝင် တင်ပို့နိုင်ရေး ဆောင်ရွက်မည် ဖြစ်ပါသည်။

ကချင်ပြည်နယ်တွင် အမှတ်(၁)သတ္တုတွင်း လုပ်ငန်းအောက်ရှိ ပုဂ္ဂလိကခဲနှင့် ရောရာ သတ္တုရိုင်း၊ သွပ်နှင့်ရောရာသတ္တုရိုင်း၊ သံသတ္တုသန့်စင်တို့ကို လုပ်ကွက်သစ်များအဖြစ် စတင်ထုတ်လုပ်ရန်နှင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ရွှေထုတ်လုပ်မှု၊ ကယားပြည်နယ်တွင် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ခဲမဖြူ၊ အဖြိုက်နက် ရီးလိုက် ရောရာ ထုတ်လုပ်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မီးခံရွှံ့စေး (ဒေသ)ထုတ်လုပ်မှု၊ အမှတ်(၁) သတ္တုတွင်း လုပ်ငန်းအောက်ရှိ ကြေးနီသတ္တုစင်နှင့် ထုံးကျောက်ထုတ်လုပ်မှု၊ တနင်္သာရီတိုင်းဒေသကြီးတွင် အမှတ်(၂)သတ္တုတွင်း လုပ်ငန်းမှ ခဲမဖြူသတ္တုသန့်စင်နှင့် ခဲမဖြူအဖြိုက်နက်ရောရာ ထုတ်လုပ်မှု၊ ပဲခူးတိုင်းဒေသကြီးတွင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း အောက်ရှိ ပုဂ္ဂလိကပိုင် ရွှေထုတ်လုပ်မှု၊ မကွေးတိုင်းဒေသကြီးတွင် နိုင်ငံပိုင်အမှတ် (၂) အကြီးစား စက်မှုလုပ်ငန်းမှ ထုံးကျောက်၊ အမှတ်(၁)သတ္တုတွင်း လုပ်ငန်းအောက်ရှိ ကျောက်မီးသွေး ထုတ်လုပ်မှု၊ မန္တလေးတိုင်းဒေသကြီးတွင် နိုင်ငံပိုင်အမှတ်(၁) အကြီးစား စက်မှုလုပ်ငန်း၊ မြင်းခြံ သံမဏိစက်ရုံမှ သံမဏိတုံး/ ပြားထုတ်လုပ်မှု၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း အောက်ရှိ ကျောက်မီးသွေး၊ အမှတ်(၂) သတ္တုတွင်း လုပ်ငန်းအောက်ရှိရွှေထုတ်လုပ်မှု၊ မွန်ပြည်နယ်တွင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

မှ ရွှေထုတ်လုပ်မှု၊ ရန်ကုန်တိုင်းဒေသကြီးတွင် အမှတ်(၂)သတ္တုတွင်း အောက်ရှိ နိုင်ငံပိုင် သန်လျင်စက်ရုံမှ ခဲမဖြူသတ္တုသန့်စင် (၉၉.၉%) ထုတ်လုပ်မှု၊ နိုင်ငံပိုင် အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်း၊ ပင်းပက်သံမဏိစက်ရုံမှ သံသတ္တုရိုင်းနှင့် သံစိမ်း၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းအောက်ရှိ ပုဂ္ဂလိက ကျောက်မီးသွေး၊ အမှတ်(၂)သတ္တုတွင်း လုပ်ငန်းအောက်ရှိ ပုဂ္ဂလိက ရွှေထုတ်လုပ်မှုနှင့် နေပြည်တော် ကောင်စီနယ်မြေတွင် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းအောက်ရှိ မက်စ်မြန်မာကုမ္ပဏီမှ ထုံးကျောက်ထုတ်လုပ်မှုစသည့်တို့ကို တိုးမြှင့်ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက် ပစ္စည်းကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၇၂၃,၆၆၈.၁ သန်းနှင့် ပုံမှန်ဈေးနှုန်းအရ ၆.၃ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်း ထားပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန် ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ အောက်ပါပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

**ပုံ ၅-၅**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း**

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**(စ) စက်မှုလက်မှုကဏ္ဍ**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စက်ရုံများ ဖြစ်သော ပဲခူးတိုင်းဒေသကြီးရှိ အမှတ်(၁၄) အကြီးစားစက်ရုံ၏ အင်ဂျင် ထုတ်လုပ်မှုများ၊ အမှတ်(၁၆) အကြီးစားစက်ရုံ၏ လယ်ယာသုံးစက်ပစ္စည်းများ၊ မကွေးတိုင်းဒေသကြီးရှိ အမှတ်(၁၇) အကြီးစားစက်ရုံ၏ အကြီးစားယာဉ် ထုတ်လုပ်မှုများ၊ အမှတ်(၃၅) အကြီးစားစက်ရုံ၏ ဗို့အားမြင့်ကြွေသီး ထုတ်လုပ်မှုများ၊ အမှတ်(၁) ဓါတ်မြေသြဇာ စက်ရုံ၏ ယူရီးယားထုတ်လုပ်မှု၊ အမှတ်(၂) ရေနံချက်စက်ရုံ၊ ရေနံဓာတုဗေဒ စက်ရုံစု (သံပုရာကန်)၊ ရေနံဓာတ်ငွေ့ရည် စက်ရုံ(မင်းဘူး) တို့မှ ရေနံထွက်ပစ္စည်း ထုတ်လုပ်မှုများ တိုးတက်ရန် လျာထားပါသည်။

ထို့အပြင် မန္တလေးတိုင်း ဒေသကြီးရှိ အမှတ် (၃၃) အကြီးစားစက်ရုံ၏ ဘိလပ်မြေ စက်ရုံသုံး မီးခံအုတ်နှင့် မီးခံမြေမှုန့် ထုတ်လုပ်မှုများ၊ အမှတ် (၁) သံမဏိစက်ရုံ၏ ထုတ်လုပ်မှုများ၊ မွန်ပြည်နယ်ရှိ အမှတ်(၂၁) အကြီးစားစက်ရုံ၏ တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုများနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်(၄) ဓါတ်မြေသြဇာစက်ရုံ၏ ယူရီးယား ထုတ်လုပ်မှုများ၊ ဧရာဝတီတိုင်းဒေသကြီးရှိ အမှတ် (၃၂) အကြီးစားစက်ရုံ၏ ဘိလပ်မြေထုတ်လုပ်မှု၊ ရေနံဓါတ်ငွေ့ရည် စက်ရုံ(ညောင်တုန်း)၏ ထုတ်လုပ်မှု၊ အမှတ်(၅) ဓါတ်မြေသြဇာစက်ရုံ၏ ယူရီးယား ထုတ်လုပ်မှုများနှင့် ရှမ်းပြည်နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ၏ ထုတ်လုပ်မှုများ တိုးတက်ရန် လျာထားပါ သည်။ အမှတ်(၂) အကြီးစားစက်မှု လုပ်ငန်းနှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်သည့် စက်ရုံများ၏ ဘိလပ်မြေ၊ မှန်၊ ကြွေပြား၊ ကွန်ကရစ် အုတ်မျိုးစုံကိုလည်း တိုးတက်ထုတ်လုပ်ရန် လျာထားပါသည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ၏ ထုတ်လုပ်မှုတိုးတက်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီး ပေးနိုင်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂၁,၈၁၅,၅၂၆.၈ သန်းနှင့် ပုံမှန်ဈေးနှုန်းအရ ၁၁.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ၏


စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန် ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ အောက်ပါ ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

**ပုံ ၅-၆**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း**

**စက်မှုလက်မှုကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**




ရင်းမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**(ဆ) လျှပ်စစ်ဓာတ်အားကဏ္ဍ**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကချင်ပြည်နယ်၊ ပူတာအို မြို့နယ်ရှိ အထက်နမ့်ထွမ် ရေအားလျှပ်စစ် စက်ရုံ(၃.၂)မဂ္ဂါဝပ်၊ မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံ (Sembcorp) ပုဂ္ဂလိကပိုင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ(၄ားရမ်း)၊ရန်ကုန်တိုင်းဒေသကြီးတွင် ပုဂ္ဂလိကပိုင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (၄ားရမ်း) တို့မှ စတင်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို ပြန်လည်လည်ပတ်နိုင်ရန် စီမံထားရှိပြီးဖြစ်၍ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အား များကို National Grid ပေါ်သို့တင်၍ တိုင်းဒေသကြီး/ ပြည်နယ်များသို့

ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ရည်မှန်းထားပါသည်။ ကျေးရွာများတွင် အသေးစား ရေအား၊ ဒီဇယ်၊ စပါးခွံလောင်စာ၊ ဆိုလာစနစ်တို့ဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲ နိုင်မည်ဖြစ်ပါသည်။

ဆောင်ရွက်ဆဲရေအားလျှပ်စစ် စီမံကိန်းများဖြစ်သော ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ အထက်နမ့်ထွမ် (၃.၂)မဂ္ဂါဝပ်၊ မန္တလေးတိုင်းဒေသကြီးရှိ ဒီးဒုတ် (၆၆)မဂ္ဂါဝပ်၊ ရခိုင်ပြည်နယ်ရှိ သူ့ရွှေး (၁၁၁) မဂ္ဂါဝပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ အထက်ဘီလူး ချောင်း (၃၀.၄)မဂ္ဂါဝပ်၊ အထက်ကျိုင်းတောင်း (၅၁) မဂ္ဂါဝပ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ် မြို့နယ်ရှိ ရွှေလီ(၃)မဂ္ဂါဝပ် (၁၀၅၀)နှင့် ကျောက်မဲမြို့နယ်ရှိ အထက်ရဲရွာ မဂ္ဂါဝပ်(၂၈၀) နှင့် နေပြည်တော်ကောင်စီနယ်မြေရှိ အလယ်ပေါင်းလောင်း မဂ္ဂါဝပ် (၁၀၀) စီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တည်ဆောက်ပြီး ဓာတ်အားပေးစက်ရုံများအား စက်စွမ်းအားပြည့် မောင်းနှင်ဓာတ်အား ထုတ်လုပ်နိုင်ရန် လည်းကောင်း၊ ပင်မဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းများအား စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်မှုလုပ်ငန်း ဆောင်ရွက်နိုင်ရန် လည်းကောင်း၊ ဓာတ်အား ဖြန့်ဖြူးရေးစနစ်ကို ပိုမိုတိုးချဲ့တည်ဆောက်၍ ဓာတ်အားစနစ်မရသေးသော ဒေသများသို့ ရောက်ရှိအောင်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်အခန်းဌ အကြီးစားရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၇ ရုံ၊ (JV၊ BOT အပါအဝင်) အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ၁ ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၁ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ပုဂ္ဂလိကကုမ္ပဏီများမှဆောင်ရွက်သော သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့အားဓာတ်အားပေးစက်ရုံ ၁၅ ရုံ (ငှားရမ်း ၆ ရုံအပါအဝင်) စုစုပေါင်း အင်အား ၆၁၈၈ မဂ္ဂါဝပ် တပ်ဆင်ထားပြီး ကီလိုဝပ်နာရီ ၂၃,၃၆၀.၁ သန်း ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။ သမဝါယမပိုင်အခန်းဌ ကီလိုဝပ်နာရီ၁.၂ သန်းနှင့် ပုဂ္ဂလိကပိုင်အခန်းဌ ကီလိုဝပ်နာရီ ၄,၉၃၉.၅ သန်း ထုတ်လုပ်ရန် ရည်မှန်း


ထားပါသည်။ စုစုပေါင်း ထုတ်လုပ်မှု ကီလိုဝပ်နာရီ ၂၈,၃၀၀.၈ သန်းနှင့် သုံးစွဲရန် ကီလိုဝပ်နာရီ ၂၄,၇၆၉.၀ သန်း ရည်မှန်းထားပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ကုန်ဆုံးချိန်တွင် ကျေးရွာပေါင်း ၃၆,၀၄၅ ရွာ အထိ လျှပ်စစ်မီးလင်းရန် လျာထားပြီး၊ ကျေးရွာအလိုက် လျှပ်စစ်မီးလင်းမှုမှာ ၅၆.၄ ရာခိုင်နှုန်း၊အိမ်ထောင်စုအလိုက် လျှပ်စစ်မီးလင်းမှု ၄၁ ရာခိုင်နှုန်း၊ လူတစ်ဦးချင်း လျှပ်စစ်ဓာတ်အား သုံးစွဲမှု ၃၇၁ ကီလိုဝပ်နာရီ ရရှိရန် ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်အခန်း စက်ရုံသုံးတွင် ကီလိုဝပ်နာရီ ၂,၉၂၃.၄ သန်း၊ အိမ်သုံးတွင် ကီလိုဝပ်နာရီ ၄,၇၇၉.၁ သန်း၊ ဆေးရုံ၊ ရုံး၊ ကျောင်းစသည်များတွင် ကီလိုဝပ်နာရီ ၁,၉၀၀.၃ သန်း၊ အထွေထွေသုံးတွင် ကီလိုဝပ်နာရီ ၉၁.၄ သန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသော ကုမ္ပဏီများသို့ ရောင်းချမှုတွင် ကီလိုဝပ်နာရီ ၁၀,၁၃၄.၁ သန်း ၊ စုစုပေါင်း ကီလိုဝပ်နာရီ ၁၉,၈၂၈.၃ သန်း၊ သမဝါယမပိုင်အခန်းတွင် ကီလိုဝပ်နာရီ ၁.၂ သန်း၊ ပုဂ္ဂလိကပိုင်အခန်းတွင် ကီလိုဝပ်နာရီ ၄,၉၃၉.၅ သန်း၊ စုစုပေါင်း လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၂၄,၇၆၉.၀ သန်း အသုံးပြုရန် ရည်မှန်းထားပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အား ကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၂၅၃,၄၇၀.၉ သန်းနှင့် ပုံမှန်ဈေးနှုန်းအရ ၄.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အား ကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေ နှင့် နှိုင်းယှဉ်၍ တစ်ဖက်ပါပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

## ပုံ ၅-၇
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

### (ဓ) ဆောက်လုပ်မှုကဏ္ဍ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဆောက်လုပ်မှုကဏ္ဍတွင် နိုင်ငံအဝန်း လမ်းပန်း ဆက်သွယ်မှု တိုးတက်စေရေးအတွက် နိုင်ငံတကာနှင့် ဆက်သွယ်သော လမ်းများ၊ပြည်ထောင်စုလမ်းများ၊ အဓိကပြည်ထောင်စုလမ်းများ၊ကျန်ပြည်ထောင်စု လမ်းများအား မြေလမ်းမှအမာခံလမ်း၊ အမာခံလမ်းမှကျောက်လမ်း၊ ကျောက်လမ်း မှ ကတ္တရာလမ်းသို့ အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည် ဖြစ်ပါသည်။ လမ်း/တံတားများကိုလည်း အဆင့်မြှင့်တင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းများ ဆောင်ရွက်ပါမည်။ ပြည်သူများအတွက် သင့်လျော်ကောင်းမွန်သည့် အိမ်ရာများ ဖြည့်ဆည်းပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် တန်ဖိုးနည်းအိမ်ရာများ၊ တန်ဖိုးသင့်အိမ်ရာ များအတွက် Infrastructure လုပ်ငန်းများ ဆောင်ရွက်ရန် လျာထားပါသည်။

ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက် လျက်ရှိသကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ချိတ်ဆက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ အာရှ ဖွံ့ဖြိုးရေးဘဏ်၊ကမ္ဘာ့ဘဏ်မှ ချေးငွေများဖြင့် ဆောင်ရွက်ခြင်း၊ နိုင်ငံခြားအဖွဲ့ အစည်းများ ပြည်တွင်းကုမ္ပဏီများနှင့် ဖောက်လုပ်ပြုပြင် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် တည်ဆောက်လည်ပတ် လွှဲပြောင်းပေးခြင်းစနစ် (BOT) စသည်တို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

ပုဂ္ဂလိကအစီအစဉ်ဖြင့် ချင်းပြည်နယ်တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီး သွားသော လူနေအိမ်များတည်ဆောက်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ် အနာဂတ် ဖွံ့ဖြိုးတိုးတက် ရေးကုမ္ပဏီမှ နေအိမ်များ ဆောက်လုပ်ခြင်း၊ မြိတ်မြို့တွင် SEA VIEW ကွန်ဒိုအထပ်မြင့် ဆောက်လုပ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး၌ ပြည်ကြီးတံခွန်မြို့နယ်တွင် မန္တလေး စက်မှုထွက်ကုန် ကုန်သွယ်မှုစင်တာနှင့် လူမှုစီးပွား တန်ဖိုးမျှတ အိမ်ရာစီမံကိန်း၊ ဆီမီးခုံဆိပ်ကမ်း တည်ဆောက်မှုရှိခြင်း၊ မြို့သာ စက်မှုဥယျာဉ် တည်ဆောက်မှုရှိခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် Junction City Company မှ Shopping Complex City နှင့် Square Hotel ဆောက်လုပ်ခြင်း၊ ကြယ်ငါးပွင့် အဆင့်မီ ဟိုတယ်၊ ကဲ့ကော်မြိုင် Condominium ဆောက်လုပ်ခြင်း၊ 68 Residence Condo၊ Aye Family Diamond Valley Rises-Business Centre တို့ ဆောက်လုပ်ခြင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကမ္ဘောဇဘဏ် အသစ်တို့ တည်ဆောက်ရန် လျာထားပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ စုစုပေါင်း ဆောက်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၅,၉၁၇,၀၁၀.၂ သန်း နှင့် ပုံမှန်ဈေးနှုန်းအရ ၆.၂ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထားပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ စုစုပေါင်း ဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေ နှင့် နှိုင်းယှဉ်၍ တစ်ဖက်ပါပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

**ပုံ ၅-၈**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း**

**ဆောက်လုပ်မှုကဏ္ဍ၏စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**(ဈ) ပို့ဆောင်ရေးကဏ္ဍ**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ တိုးချဲ့ပြင်ဆင်ခြင်းနှင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူ လျင်မြန်စေရေး၊ ကုန်စည်စီးဆင်းမှု အဆင်ပြေစေရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင် ပြည်တွင်း၊ ပြည်ပပို့ဆောင်သည့် ခရီးသည်နှင့် ကုန်တန်ချိန် ရည်မှန်းချက်များမှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ခရီးသည်မိုင် ၅၂.၅သန်း၊ ကုန်တန်မိုင် ၁၅၅.၄ သန်း၊ မြန်မာအမျိုးသားလေကြောင်းတွင် ခရီးသည်မိုင် (ပြည်တွင်း) ၃၀၂.၀သန်း၊ ကုန်တန်မိုင် (ပြည်တွင်း) ၀.၆၀သန်း ၊ ခရီးသည် မိုင် (ပြည်ပ) ၂၈၀.၀သန်း၊ ကုန်တန်မိုင် (ပြည်ပ) ၀.၂၈ သန်း၊ မြန်မာ့မီးရထားတွင် ခရီးသည်မိုင် ၁,၉၄၇.၀ သန်း၊ ကုန်တန်မိုင် ၅၃၉.၇

သန်း၊ ကုန်းလမ်းပို့ဆောင်ရေးတွင် ခရီးသည်မိုင် ၄၄၇.၄သန်း၊ ကုန်တန်မိုင် ၂၃၉.၀ သန်း၊သမဝါယမမော်တော်ယာဉ်ဖြင့် ပို့ဆောင်မှုတွင် ခရီးသည်မိုင် ၃၄၈.၆ သန်း၊ကုန်တန်မိုင် မက်ထရစ်တန်မိုင် ၁၉၇.၈ သန်း၊ရေယာဉ်ဖြင့် ပို့ဆောင်မှုတွင် ခရီးသည်မိုင် ၆၂.၂ သန်း၊ ကုန်တန်မိုင် မက်ထရစ် တန်မိုင် ၁၂၇.၆ သန်း၊ ပုဂ္ဂလိက မော်တော်ယာဉ် ၉၀၃,၂၅၇ စီး၊ ပုဂ္ဂလိကရေယာဉ် ၇,၇၉၂ စီး တို့ဖြစ်ကြပါသည်။

မြန်မာအမျိုးသား လေကြောင်းအနေဖြင့် ATR 72 600 လေယာဉ်အသစ် (၆)စီးနှင့် လက်ရှိအသုံးပြုနေသော ATR 72 လေယာဉ်(၂)စီး စုစုပေါင်း လေယာဉ်(၈)စီးအား အသုံးပြု၍ ပြည်တွင်းခရီးစဉ်များအပြင် ရန်ကုန်/ချင်းမိုင်၊ မန္တလေး/ ဘန်ကောက်၊ ရန်ကုန်/ ဗီယန်ရှင်းမြို့ များသို့ တိုးချဲ့ပျံသန်းပြေးဆွဲရန် စီစဉ်ထားရှိပါသည်။ Boeing 737 လေယာဉ်(၄)စီးဖြင့် ပြည်တွင်း/ပြည်ပ ခရီးစဉ်များ ပျံသန်းပြေးဆွဲသွားမည် ဖြစ်ပါသည်။ လေယာဉ်တင် စားသောက်ကုန် လုပ်ငန်းအတွက် စင်္ကာပူလေကြောင်းလိုင်း SATS Ltd. ကုမ္ပဏီနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပြီး လေယာဉ်တင် စားသောက်ကုန်စက်ရုံ တည်ဆောက်ပြီးပါ က ၎င်း၏ မိတ်ဖက်လေကြောင်းလိုင်းများ ရန်ကုန်၊ မန္တလေး မြို့များသို့ ဆင်းသက်သော လေကြောင်းလိုင်းများသို့ တင်ဆောင်ရန် ဆောင်ရွက် လျက်ရှိပါသည်။

မြစ်ကြီးနားလေဆိပ်၊ ဖလမ်းလေဆိပ်၊ လားရှိုးလေဆိပ်၊ ဟဲဟိုးလေဆိပ်၊ လွိုင်ကော် လေဆိပ်၊ ညောင်ဦးလေဆိပ်၊ စစ်တွေလေဆိပ်၊ မာန်အောင်လေဆိပ်နှင့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေကြောင်းပညာသိပ္ပံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရထားလမ်းပိုင်းများ ပြုပြင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရထားလမ်းပိုင်း များရှိ ကားလမ်းကူး ခုံးကျော်တံတား တည်ဆောက်ခြင်း၊ ရထားလမ်းပိုင်းတွင် တံတားသစ် တည်ဆောက်ခြင်း၊ တံတားကြီး/ငယ်များ ပြန်လည်တည်ဆောက်ခြင်း၊ ရေလမ်းထိန်းသိမ်းခြင်းနှင့် တံတားသုံးပစ္စည်း ဝယ်ယူခြင်းများကို ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ပို့ဆောင်ရေးကဏ္ဍအနေဖြင့် နိုင်ငံပိုင်အခန်းကဏ္ဍအပြင် ပုဂ္ဂလိကလုပ်ငန်းများဖြစ်သော ရေကြောင်းနှင့်လေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ၊ မော်တော်ယာဉ်လိုင်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး နှစ်စဉ်ဝင်ငွေများလည်း တိုးတက်လျက်ရှိနေပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၉,၉၈၂,၉၉၄.၇ သန်းနှင့် ပုံမှန်ဈေးနှုန်းအရ ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထားပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေနှင့်နှိုင်းယှဉ်၍ အောက်ပါပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

**ပုံ ၅-၉**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း**

**ပို့ဆောင်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## (ည) ဆက်သွယ်ရေးကဏ္ဍ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆက်သွယ်ရေးကဏ္ဍတွင် e-Government လုပ်ငန်းစဉ်များအား အရှိန်အဟုန် တိုးမြှင့်ခြင်း၊ အများပြည်သူများ ဆက်သွယ်မှု လျင်မြန်ချောမွေ့ စေရန်အတွက် Data Center တည်ဆောက်ခြင်း၊ စာပို့တိုက် လုပ်ငန်းကို ခေတ်မီစက်ကိရိယာများ တပ်ဆင်၍ အရည်အသွေး တိုးတက်ပြီး ခေတ်မီသည့် ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ဆက်သွယ်ရေးကဏ္ဍ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် မြန်မာ့စာတိုက် လုပ်ငန်းအနေဖြင့် စာတိုက်ဝန်ဆောင်မှုတန်ဖိုး ကျပ် ၉,၅၉၃.၄ သန်း နှင့် ကြေးနန်း ဝန်ဆောင်မှုတန်ဖိုး ကျပ် ၁၀၃.၉ သန်း၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း အနေဖြင့် တယ်လီဖုန်း ဝန်ဆောင်မှုတန်ဖိုး ကျပ် ၁,၁၄၁,၀၇၅.၄ သန်း၊ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ကျပ် ၁,၁၅၀,၇၇၂.၇ သန်း ဝင်ငွေရရှိရန် ရည်မှန်း ထားပါသည်။

ဆက်သွယ်ရေးကဏ္ဍ တယ်လီဖုန်းသုံးစွဲမှုနှင့် အင်တာနက်သုံးစွဲမှု တစ်နှစ် ထက်တစ်နှစ် ပိုမိုသုံးစွဲလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်တွင် တယ်လီဖုန်း လုံးရေ၅၂ သန်းနှင့် အင်တာနက်သုံးစွဲမှု (၄၇) သန်း အသုံးပြုလျက်ရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းလုံးရေ (၅၇) သန်းနှင့် အင်တာနက်သုံးစွဲမှု (၅၂) သန်းထိ တိုးတက် အသုံးပြုနိုင်ရန် ရည်မှန်းထားပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆက်သွယ်ရေး တာဝါတိုင်များကို မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ၃,၉၈၈ ခု၊ တယ်လီနောမြန်မာလီမိတက်မှ ၁၀,၂၁၀ ခု နှင့် အော်ရီဒူးမြန်မာ လီမိတက်က ၆,၄၈၇ ခု၊ စုစုပေါင်းတာဝါတိုင် ၂၀,၆၈၅ ခု စိုက်ထူရန် ရည်မှန်းထားပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများဖြစ်သော Support for Telecommunication Sector Reform Project ကို မြန်မာနိုင်ငံ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်၍ ကမ္ဘာ့ဘဏ်ချေးငွေဖြင့်

နေပြည်တော် ကောင်စီနယ်မြေတွင်လည်းကောင်း၊ ဖိုက်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းကို အိန္ဒိယ၊ ကိုရီးယား ချေးငွေဖြင့်လည်းကောင်း၊ ဆက်သွယ်ရေး ကွန်ယက်များ အဆင့်မြှင့်တင်မှုစီမံကိန်း (Communication Networks Improvement Project) ကို ဂျပန်နိုင်ငံ JICA ODA Loan ဖြင့် လည်းကောင်း၊ ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို လည်းကောင်း ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

လုပ်ငန်းစီမံကိန်းသစ် များဖြစ်သော မြန်မာ့ဂြိုလ်တုစနစ် စီမံကိန်း တည်ဆောက်မှု လုပ်ငန်းများကို နိုင်ငံတော်၏ နေရာဒေသမရွေး လုံခြုံချောမွေ့စွာ ဆက်သွယ်နိုင်ရန်အတွက် ဂြိုလ်တုဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက် နိုင်ရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သံလျင်မြို့တွင် လည်းကောင်း၊ Security Operation Center Project ကို နေပြည်တော်တွင် လည်းကောင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၇၆၀,၉၉၃.၂ သန်း နှင့် ပုံမှန်ဈေးနှုန်းအရ တိုးတက်မှုနှုန်း ၄.၆ ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ် ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ တစ်ဖက်ပါ ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

**ပုံ ၅-၁၀**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း**

**ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## (ဋ) ငွေရေးကြေးရေးကဏ္ဍ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေး စနစ်တည်ငြိမ်ရေး၊ ထိရောက်သောငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်များခိုင်မာတိုးတက်ရေး၊ တည်ငြိမ်သည့်နိုင်ငံခြားငွေ လဲလှယ်နှုန်းစနစ် ဖြစ်စေရေးနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးရေး၊ ရှင်းလင်းလွယ်ကူသော အကောက်ခွန်လုပ်ထုံးလုပ်နည်းများဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ရသင့်ရထိုက်သော အခွန်ရငွေများ ပြည့်ဝစွာရရှိစေရေး၊ အာမခံဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ရှိလာစေရန်နှင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်းဆောင်ရွက်နိုင်ရေးစသည့် မူဝါဒများချမှတ်၍ ဆောင်ရွက်မည် ဖြစ်ပါသည်။

ငွေကြေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကရည်မှန်းချက်ဖြစ်သော ဈေးနှုန်းတည်ငြိမ်မှု ရရှိစေမည့် ငွေကြေးပမာဏ ရည်မှန်းချက် ထားရှိရန်၊ အဆိုပါငွေကြေးပမာဏကို ထိန်းကျောင်းရန်အတွက် ငွေကြေး ပမာဏခန့်မှန်းချက် (Liquidity Forecasting) ရေးဆွဲရန် ဆောင်ရွက်မည် ဖြစ်ပါသည်။ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားငွေပေးချေမှု (Retail Payment) များတွင် ငွေကြေးကိုင်တွယ်မှုကို လျှော့ချပြီး MPU Card များကို ပြည်တွင်းတွင် ပိုမိုသုံးစွဲလာစေရေးအတွက် ပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ ထုတ်ဝေသည့် ကတ်များ လုံခြုံမှုရှိစေရန်အတွက် စီစဉ်ခြင်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် အီလက်ထရောနစ် ငွေပေးချေမှုများ ဖွံ့ဖြိုးတိုးတက်စေရန် i-banking နှင့် mobile banking ဖြင့် ငွေပေးချေမှုများ တိုးတက်လာစေရေး အတွက်လည်း ဆောင်ရွက်မည် ဖြစ်ပါသည်။ အကြီးစားငွေပေးချေမှု (Large Value Payment) များအတွက် အချိန်နှင့် တပြေးညီစာရင်းရှင်းလင်းခြင်းစနစ် (Real Time Gross Settlement System) ကို နိုင်ငံတကာ ငွေပေးချေမှုစနစ်များနှင့်အညီ ဖြစ်စေရေး ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရငွေတိုက်လက်မှတ်များနှင့် အစိုးရငွေတိုက်စာချုပ်များအား လေလံစနစ်ဖြင့် ရောင်းချခြင်းကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပြီး အာဆီယံ+၃ ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အောက်ရှိ Asia Bond Market Initiative (ABMI) အစီအစဉ်အတွက် နည်းပညာအကူအညီများ ရယူရန် ဆောင်ရွက်မည်ဖြစ်ပါသည်။


ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများအား လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန် အတွက် Online banking စနစ်ဖြင့် ငွေလွှဲပို့ခြင်း၊ ချေးငွေထုတ်ချေးခြင်းအား လက်ရှိအခြေအနေထက် တိုးမြှင့်ထုတ်ချေး နိုင်ရန်ဆောင်ရွက်ခြင်း၊ နိုင်ငံသားပိုင်လုပ်ငန်းများအား အပေါင်အာမခံဖြင့် နိုင်ငံခြားသုံးငွေများ ထုတ်ချေးနိုင်ရန် စီစဉ်ခြင်း၊ နိုင်ငံပိုင်ဘဏ်များတွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားသူများအတွက် ယခင်က

ဘဏ်၏ ငွေထုတ်ကောင်တာတွင် ချက်လက်မှတ်တင်ပြ၍ ငွေသား အမေရိကန်ဒေါ်လာ ထုတ်ယူရခြင်းအစား ယခုအခါ အမေရိကန်ဒေါ်လာ ၂,၀၀၀ အထိ ATM Card စနစ်ဖြင့် ထုတ်ပေးနိုင်ရန် ဆောင်ရွက်ထားရှိခြင်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရေးနှင့် ကုန်သွယ်မှုများ ပိုမိုတိုးတက် လာစေရေးအတွက် ပို့ကုန်သွင်းကုန် လုပ်ငန်းများအား ဘဏ္ဍာရေးအထောက်အပံ့ (Trade Financing) ပေးနိုင်ရန် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်မည် ဖြစ်ပါသည်။

နိုင်ငံတော်၏ ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ အာမခံဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်စေရေးမူဝါဒအရ အာမခံစနစ်အပေါ် ပြည်သူများ ယုံကြည် ကိုးစားမှုရှိလာစေရန် ရည်မှန်းချက်ထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁ ရက်မှ စတင်၍ သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံနှုန်းထားများ တိုးမြှင့်ခြင်းနှင့် အကျိုးခံစားခွင့်များကိုလည်း တိုးမြှင့်ပေးလျော်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံ ကောက်ခံခြင်းကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် One Stop Services ရုံးများ ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂၂၈,၉၃၄.၈ သန်းနှင့် ပုံမှန်ဈေးနှုန်းအရ တိုးတက်မှုနှုန်း ၁၁.၅ ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ တစ်ဖက်ပါပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

## ပုံ ၅-၁၁
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

### (ဌ) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်လျာထားပါသည်။

**ပညာရေး**

ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့် ရရှိရေးနှင့် အထူးလိုအပ်ချက်ရှိသည့် ကလေးငယ်များ၊ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် မရရှိသူများကို ပညာရေးအဆင့်တိုင်းတွင် ပညာသင်ယူခွင့် ရရှိစေရန် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်အပါအဝင် လူတိုင်း

အကျုံးဝင် ပညာရေးအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်မည် ဖြစ်ပါသည်။

မသန်စွမ်း နိုင်ငံသား ကလေးများသည် သီးခြားဥပဒေ ပြဋ္ဌာန်း၍ အကောင် အထည်ဖော်သော အထူးပညာရေးအစီအစဉ် (Special Education Program) ဖြင့် လေ့လာသင်ယူခွင့် ရှိစေရေး၊ အလားတူပင် မသန်စွမ်းသူကလေးများနှင့် ပညာသင်ယူရာတွင် အထူးလိုအပ်ချက်ရှိသော ကလေးငယ်များ အားလုံးအတွက် လူတိုင်းအကျုံးဝင် ပညာရေး (Inclusive Education)ကို ဖော်ဆောင်ရန်နှင့် ဤသို့ ဖော်ဆောင်ရာတွင် ကျောင်း ပညာရေးနှင့် ကျောင်းပြင်ပပညာရေးကဏ္ဍ နှစ်ရပ်စလုံး အကျုံးဝင်စေရန် ဆက်လက်ဆောင်ရွက်မည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံသားတိုင်း ပညာ သင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေး အခွင့်အလမ်းများ ဖန်တီးပေးရန်အတွက် ကျောင်းပြင်ပ ပညာရေးဌာန (Alternative Education Department) ကို အသစ်ဖွဲ့စည်း ဆောင်ရွက် လျက်ရှိပါသည်။ ကျောင်းပညာရေး မသင်ယူနိုင်သော ကလေးသူငယ်များ၊ ရွှေ့ပြောင်းလုပ်ငန်းခွင်ရှိ မိဘတို့၏ သားသမီးများနှင့် အကြောင်းကြောင်းကြောင့် ဒုက္ခသည်ဖြစ်လာသော ကလေးများအတွက် **"ကျောင်းပြင်ပ နှင့် တစ်သက်တာ ပညာရေး"** အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလ ငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်၍ လေ့ကျင့် သင်ကြားပေးနိုင်ရန်နှင့် အထူးပညာရေး လိုအပ်ချက်ရှိသော ကလေးငယ်များအတွက် အခြေခံပညာကျောင်းများတွင် ပိုမိုတက်ရောက် သင်ယူခွင့် ရရှိစေရေး ဆက်လက်ဆောင်ရွက်မည်။

လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေး အဆင့်တိုင်းနှင့် ပညာရပ်နယ်ပယ် အသီးသီးတွင် ပညာရေးအဆင့်အတန်း

သတ်မှတ်ပြီး အရည်အသွေးအာမခံမှု ရှိသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ် ပါသည်။

ပညာအခြေပြု လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူ့စွမ်းအား အရင်းအမြစ်များကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးရန်၊ ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာ တတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပြုစု ပျိုးထောင် ပေးသွားမည်ဖြစ်ပါသည်။

သင်ယူလိုသူ ကျောင်းသား၊ ကျောင်းသူများအတွက် သင်ယူခွင့်အခွင့်အလမ်းများရရှိစေရန်ပုဂ္ဂလိကကျောင်းများနှင့် နိုင်ငံတကာသင်ရိုးသင်ပုဂ္ဂလိကကျောင်းများကို ဥပဒေနှင့်အညီ ခွင့်ပြုသင်ကြား စေခြင်းဖြင့် သင်ယူမှု အခွင့်အလမ်းများ ပိုမိုရရှိစေရန် ဆောင်ရွက် မည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းကျောင်းများအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ (Lab and Equipment Facilities) နှင့်အခြေခံ အဆောက်အဦများ (Infrastructure) ဖြစ်သည့် အလုပ်ရုံ၊ စာသင်ဆောင်၊ ကျောင်းသားဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်း ပေးနိုင်ရေး ဆောင်ရွက်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းသည် အာဆီယံနှင့် နိုင်ငံတကာ ပညာရေး အဆင့်အတန်းသို့ အဆင့်ဆင့် တိုးမြှင့်လာစေရန်နှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များသည် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တွင် “ပညာအခြေပြု စီးပွားရေးစနစ်” (Knowledge- based Economic System) ဖြစ်ထွန်း လာစေရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်မည့် “စီးပွားရေးဖွံ့ဖြိုးမှု အချက်အချာဌာန” (Business Hub) ဖြစ်လာစေရန် လျာထားဆောင်ရွက် လျက်ရှိပါသည်။

ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ထောင်ရန်အတွက် လိုအပ်သော အရည်အသွေးပြည့်ဝ

သည့် ဘွဲ့ရလူ့စွမ်းအား အရင်းအမြစ်များကို အဆင့်မြင့်ပညာကဏ္ဍမှ မွေးထုတ်ရန်နှင့် Student Service Center ထူထောင်၍ ကျောင်းသား၊ ကျောင်းသူများ၏ လူမှုစီးပွား အခက်အခဲများအတွက် အကြံဉာဏ်ပေးခြင်း၊ ပြည်ပပညာသင်အခွင့်အလမ်း၊ အလုပ်အကိုင်အခွင့်လမ်းများ ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

**ကျန်းမာရေး**

ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ မဟာဗျူဟာနှင့် ရာသီဥတု ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ မဟာဗျူဟာများ ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြည်သူလူထု၏ ကျန်းမာရေးအဆင့် မြှင့်တင်ရာတွင် နီးနွယ်ဆက်စပ်နေသည့် ဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်းမာရေး စောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံရေးကို ပိုမိုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နိုင်ငံသားတိုင်း ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရပြည့်ဝသည့် အစားအသောက်များကို စားသုံးတတ်စေရန် အာဟာရပညာများ ဖြန့်ဖြူးပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေး သတင်းအချက်အလက်များ ပြည်သူများသိရှိစေရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ ကျန်းမာရေးသတင်းစနစ်လုပ်ငန်းကို အားဖြည့်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

မြို့ပြနှင့်ကျေးလက်နေပြည်သူများအားလုံး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကိုအရည်အသွေး ပြည့်ဝစွာရရှိစေရေးအတွက်သူနာပြုနှင့်သားဖွား

ဆရာများ၏အရေအတွက်နှင့် အရည်အသွေးကိုမြှင့်တင်ပေးခြင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆေးရုံကြီးများတွင် အဆင့်မြင့်နည်းပညာဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တိုင်းရင်းဆေးပညာဖြင့် ထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ရေးအတွက် တိုင်းရင်းဆေးဆေးရုံများ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနများ၏ အရည်အသွေးနှင့် အရေအတွက်ကို တိုးမြှင့်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ပြည်သူလူထုအတွက် စစ်မှန်သော တိုင်းရင်းဆေးဝါးများ သုံးစွဲနိုင်ရေးအတွက် စစ်ဆေးခြင်းလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်သူလူထုအား အရည်အသွေး ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီပြည်တွင်း၌ လေ့ကျင့်မွေးထုတ်ပေးရန်နှင့် ပြည်ပနိုင်ငံများသို့ စေလွှတ်ရန် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများနှင့် အပြန်အလှန် ပူးပေါင်းဆက်သွယ် ဆောင်ရွက်မှု အစီအစဉ်များကိုလည်း တိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆေးသိပ္ပံတက္ကသိုလ်များတွင် သုတေသန အလေ့အကျင့်များ ပိုမိုတိုးတက်စေရန် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

ကျန်းမာခြင်းအပေါ်အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊စီးပွားရေး ပတ်ဝန်းကျင် အခြေအနေကောင်းများ ဖြစ်ထွန်းပေါ်ပေါက် လာရေးအတွက် နီးနွယ်ကဏ္ဍများနှင့်လည်းကောင်း၊ ပြည်တွင်း၊ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး**

ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေး ပင်မအထောက်အကူပြု ဗဟိုဌာနတွင် စွမ်းရည်မြှင့်တင်မှုသင်တန်းပေးခြင်း၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် တိုးချဲ့ဆောင်ရွက်ခြင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေရေးဆွဲခြင်းတို့ကို ဆောင်ရွက်မည်။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၁၃-၂၀၂၂) အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် စီးပွားရေး၊ အမျိုးသမီးများနှင့်ပညာရေးစသည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အမျိုးသမီးများအတွက် ပြဿနာများကို တစ်နေရာတည်းတွင်ကူညီဖြေရှင်းပေးနိုင်မည့် စင်တာများအား ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ထူထောင်မည်။

ဦးစားပေး ဆောင်ရွက်ရန် လိုအပ်သည့် လူကုန်ကူးခံရသူများအား ဆန်းစစ်ဖော်ထုတ်ခြင်း၊ ဖော်ထုတ်ရရှိသည့် လူကုန်ကူးခံရသူများအား လိုအပ်သည့်နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း၊ နောက်ဆက်တွဲစောင့်ရှောက်မှု သွားရောက်ရန် ခက်ခဲသည့် ဝေးလံခေါင်ပါး ဒေသများတွင် နေထိုင်သော လူကုန်ကူး ခံရသူများအား မိဘရပ်ထံ ပြန်လည်အပ်နှံခြင်း မပြုမီ ထောက်ပံ့မှုပေးခြင်းတို့ကို ဆောင်ရွက်မည်။

သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ ဆက်လက်ရေးဆွဲရန် ဆောင်ရွက်ခြင်း၊ သက်ကြီး ရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ Care Giver သင်တန်း (အခပေးသင်တန်း) များ ဖွင့်လှစ်ဆောင်ရွက်မည်။

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့်အညီ ကဏ္ဍအလိုက် မူဝါဒများ ရေးဆွဲချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေ ရေးဆွဲခြင်းအတွက် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ် ဆောင်ရွက်မည်။

(၁၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပမည်။

လူမှုကာကွယ် စောင့်ရှောက်ရေး အနေဖြင့် ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အသက်(၂)နှစ်အောက် ကလေးများအား ထောက်ပံ့ငွေ ပေးအပ်ခြင်း၊ သက်(၉၀)နှစ်နှင့် အထက်ဘိုးဘွားများကို လူမှုရေး ပင်စင်ထောက်ပံ့ငွေပေးအပ်ခြင်း တို့ကို ဆောင်ရွက်မည်။ လူမှုကာကွယ် စောင့်ရှောက်မှုပေးရန် လိုအပ်နေသော ပြည်သူများအတွက် ဘေးဒဏ် ခံနိုင်သည့် နေအိမ်များပြုပြင်ခြင်း၊ ဘေးလွတ်ရာ ရှောင်တိမ်းနိုင်သည့် ကျေးရွာ လမ်းများ၊ ကွန်ကရစ်လမ်းငယ်များ၊ ချောင်းကူး/မြောင်းကူးတံတားငယ် များတည်ဆောက်ခြင်း၊ ရေရရှိရေး လုပ်ငန်း များဆောင်ရွက်ခြင်း၊ ရေတွင်း၊ ရေကန်၊ အဝိစိတွင်း၊ ဘက်စုံသုံးဘေးဒဏ်ခံ အဆောက်အအုံများ ဆောက်လုပ် ခြင်း၊ မီးလင်းရေးဆိုင်ရာကိရိယာများ၊ အပေါ့စားမီးသတ်စက်များ၊ ရှာဖွေကယ်ဆယ်ရေးနှင့်အရေးပေါ် တုံ့ပြန်မှုအတွက် လိုအပ်သည့် စက်ယန္တရား များ၊ နည်းပညာပိုင်းဆိုင်ရာ စက်ပစ္စည်းကိရိယာများ စသည့်တို့ကို ထောက်ပံ့ ပေးနိုင်ရန် စီမံဆောင်ရွက်မည်။

သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း၊ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်နည်းပြ သင်တန်း၊ လူငယ်(ဆင့်ပွား) သင်တန်း၊ လူငယ်(မွမ်းမံ) သင်တန်း၊ အသိပညာပေး ဆွေးနွေး ဟောပြောပွဲများ၊ ပြည်သူလူထု ကိုယ်တိုင်ပါဝင်သော ဇာတ်တိုက် လေ့ကျင့်ခန်းတို့ကို ဆောင်ရွက်ခြင်း၊ ဘေး(၈) မျိုး လက်ကမ်း စာစောင်များနှင့် နံရံကပ်ပိုစတာများ ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်မည်။

**အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေး**

ပြည်တွင်းအလုပ်အကိုင်အတွက် Online စနစ်ဖြင့် ဆောင်ရွက်၍ Website နှင့် Internet မှ ထုတ်လွှင့်ခြင်း၊ သွားလာရန် ခက်ခဲသည့်

ဒေသများသို့ Mobile Team ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပအေဂျင်စီများနှင့် ပူးပေါင်း၍ (Job Fair) များ ကျင်းပပြုလုပ်၍ တစ်နေရာတည်းတွင် One Stop Service ဖြင့် ရွေးချယ် ခန့်ထားခြင်းတို့ကို ဆောင်ရွက်မည်။

ပြည်ပ အလုပ်အကိုင်အတွက် နယ်စပ်မြို့များတွင် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်ပအလုပ် အကိုင်ပြပွဲ (Job Fair)များ အခါအားလျော်စွာ ကျင်းပပြုလုပ်မည်။ ပြည်ပသို့ အလုပ်သမား စေလွှတ်လျက်ရှိသည့် ထိုင်း၊ မလေးရှား၊ ဂျပန်၊ စင်္ကာပူ၊ ကိုရီးယား နိုင်ငံများအလိုက် Pre - Departure သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ Migrant Workers Reporting Counter ဖွင့်လှစ်နိုင်ရေး၊ အရှေ့အလယ်ပိုင်းဒေသ၊ ယူအေအီး၊ ကာတာနှင့် ထိုင်ဝမ်နိုင်ငံများသို့ အလုပ်သမားစေလွှတ် နိုင်ရေးတို့ကို ဆောင်ရွက်မည်။

အဓမ္မခိုင်းစေမှု ပပျောက်ရေးဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးသည့် နိုင်ငံဖြစ်သည်နှင့်အညီ အဓမ္မခိုင်းစေမှု ပပျောက်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းများ၊ အသိပညာတိုးမြှင့်ရေး ဆွေးနွေးပွဲများ၊ သင်တန်းများကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်၊ အလုပ်ရှင်၊ အလုပ်သမားနှစ်ပွင့်ဆိုင်တို့ပါဝင်ပြီး ပြဋ္ဌာန်းချက်အမှတ် ၈၇ ကို တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ILO နှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည်။ ကျွမ်းကျင်လုပ်သား ၅,၀၀၀ ခန့် မွေးထုတ်ပေးရန် စစ်ဆေးသည့် စက်ကိရိယာများ ဝယ်ယူခြင်း၊ လိုအပ်သော လုပ်သားဈေးကွက်နှင့်အညီ အခြေခံကျွမ်းကျင်မှု သက်မွေးပညာ သင်တန်းများ လေ့ကျင့်ပို့ချပေးမည်။

လူမှုဖူလုံရေး ဆေးရုံကြီးများအား နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးများဖြစ်ပေါ်လာရန် ဆောင်ရွက်ခြင်း၊ ထိုင်ဝမ်နိုင်ငံ CHC Health Corporation နှင့် ပူးပေါင်း၍ အလုံစတိုဝင်းတွင် ကင်ဆာဆေးရုံကြီး ဆောက်လုပ်ခြင်း၊

မန္တလေး အလုပ်သမား ဆေးရုံဝင်းအတွင်း ဆေးရုံသစ် တည်ဆောက်ခြင်းကို ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်မည်။ လူမှုဖူလုံရေးအဖွဲ့သည် ဆေးရုံ၊ ဆေးခန်းများ၏ အရည်အသွေး ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံလုံးဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုစနစ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်။ အာမခံအလုပ်သမားများ တိုးတက်လာသည်နှင့်အညီ မြို့နယ်ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆေးဌာနရှိ ဝန်ထမ်းဖွဲ့စည်းပုံအား တိုးချဲ့ခြင်း၊ အလုပ်သမားဆေးရုံကြီးများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စံကိုက်ဖွဲ့စည်းပုံနှင့်အညီ တိုးမြှင့်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်မည်။

နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ Vocational Training Center သင်တန်း ကျောင်းများ အသစ်ဆောက်လုပ်ပြီး မြန်မာအလုပ်သမားများအတွက် နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခြင်းနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ထုတ် ပေးခြင်းတို့ကို ဆောင်ရွက်မည်။ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် ပြုစုထုတ်ဝေခြင်း လုပ်ငန်းများကို နှစ်စဉ်ပုံမှန် ဆောင်ရွက်မည်။

မြန်မာရွှေ့ပြောင်း လုပ်သားများနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း များကို လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ် မူတည်၍ ပြန်လည်သုံးသပ်ခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများ အတွက် လူမှုစီးပွားရေးဘဝဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ခြင်း၊ နိုင်ငံတကာတွင် ကျင့်သုံးနေသော လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ အသုံးချနိုင်စေရန် ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ (ASEAN-OSHNET, KOSHA , Denmark, ILO) ဖြင့် ပူးပေါင်းဆောင်ရွက်မည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်


၂,၉၂၈,၆၃၃.၇ သန်း နှင့် ပုံမှန်ဈေးနှုန်းအရ ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ အောက်ပါ ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

**ပုံ ၅-၁၂**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း**

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## (၃) ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ

ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ပုဂ္ဂလိကဝန်ဆောင်မှု လုပ်ငန်းငယ်များစွာ ပါဝင်ပါသည်။ နိုင်ငံတော်မှခရီးသွားလာရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ခရီးသွားဧည့်သည်များ ဆွဲဆောင်မှုရှိသော နေရာများကိုပိုမိုဖွံ့ဖြိုးအောင်ဆောင်ရွက်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အခြေပြု

၍ နိုင်ငံတော်အတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များပေါ်ပေါက်ရေး၊ ဝင်ငွေတိုးပွားလာရေး၊ လူမှုရေးစီးပွားရေးနယ်ပယ်အသီးသီးမှ ရရှိလာသော အကျိုးအမြတ်များကို နိုင်ငံသားများအားလုံး ရရှိခံစားစေရေး၊ ခရီးစဉ်အသစ်များ ဖော်ထုတ်ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုနှင့် အရင်းအမြစ်များဖော်ထုတ်ရေး၊ ခရီးသွားလာမှု လွယ်ကူစေရေးစသည့် ဖြေလျှော့ပေးခြင်းများဆောင်ရွက်ရန်နှင့်ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများကို တိုးတက်နေသည့် နိုင်ငံများတွင် ကျင့်သုံးနေသော နည်းပညာများကို အသုံးပြု၍ ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တွင် နိုင်ငံခြားခရီးသည်ဦးရေ ၅.၃ သန်း နှင့် ယင်းတို့မှ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၂,၆၂၇.၀ သန်း ခန့် သုံးစွဲမည်ဟု ရည်မှန်းထားပါသည်။

ခရီးသွားလာရေးလုပ်ငန်း လိုင်စင်ခွင့်ပြုမှု အခြေအနေမှာ ဟိုတယ်၊တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်ကို ၁,၄၃၀ ဦး၊ ခရီးသွားလှည့်လည်ရေး လုပ်ငန်းလိုင်စင်ကို ၃,၅၇၀ ဦး၊ ခရီးသွားလာသူများ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ကို ၁,၆၈၀ ဦး၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ကို ၈,၀၃၀ ဦးခန့်ထုတ်ပေးနိုင်ရန် ရည်မှန်းထားပါသည်။

ပုဂ္ဂလိက ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်သည့် စားသောက်ဆိုင်လုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ ဆံသနှင့် အလှပြင်လုပ်ငန်းများ၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုများနှင့် ပုဂ္ဂလိက ပညာရေး၊ ကျန်းမာရေး စသည့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ပိုမိုဝန်ဆောင်မှုပေးနိုင်ရန် ရည်မှန်းထားပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၇၀၅,၂၄၄.၁ သန်း နှင့် ပုံမှန်ဈေးနှုန်းအရ ၁၂.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ တစ်ဖက်ပါပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

### ပုံ ၅-၁၃

### ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

### ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

### (နှစ်အလိုက်ဈေးနှုန်းအရ)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

### (ပ) ကုန်သွယ်မှုကဏ္ဍ

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ နှင့်လျော်ညီစွာ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာစေရေးအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊ အသေးစားနှင့် အလတ်စား ကုန်ထုတ်လုပ်ငန်းများမှ ထုတ်ကုန်များဈေးကွက်ရရှိရေး ကူညီပံ့ပိုး ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့နိုင်မည့် အစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်မည် ဖြစ်ပါသည်။

ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြု၍ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းစီမံဆောင်ရွက်ခြင်း၊ နယ်စပ်စခန်းများ အပါအဝင် Network Infrastructure တိုးတက် ကောင်းမွန်ရေး ဆက်လက်ဆောင်ရွက်ခြင်း၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် မြန်မာ့ပို့ကုန်ပစ္စည်းများ

အား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် တိုးမြင့်တင်ပို့နိုင်ရေးကို ပံ့ပိုးဆောင်ရွက်ခြင်း၊ လက်ရှိရရှိထားသော ဈေးကွက်တိုးတက် ရရှိရေးနှင့် ဈေးကွက်သစ်များ ရှာဖွေဆောင်ရွက်ခြင်း၊ ကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းနှင့် အခက်အခဲများ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းခြင်း၊ ပြည်တွင်း ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရန်နှင့် လိုအပ်ပါက ပြည်ပမှ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေးနှင့် ကုန်သွယ်မှုပမာဏ တိုးတက်လာစေရန် ကမ္ဘာ့ကုန်သွယ်ရေး WTO အဖွဲ့ဝင်နိုင်ငံများ လိုက်နာသော စည်းမျဉ်းများနှင့် လိုက်လျောညီထွေရှိမည့် မူဝါဒများဖြင့် လုပ်ငန်းအစီအမံများ ချမှတ်ခြင်း၊ ယာယီပိတ်ပင်ထားခြင်းခံရသော တစ်ဖက်သတ် အကောက်ခွန်သက်သာ ကင်းလွတ်ခွင့်များ ရရှိရေးအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် စေ့စပ်ညှိနှိုင်း တောင်းဆိုခြင်းတို့အား ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

ပြည်တွင်း ပြည်ပ ကုန်သွယ်မှုပမာဏ တိုးမြင့်လာခြင်းနှင့်အတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၉,၁၆၃,၉၂၅.၂ သန်း နှင့် ပုံမှန်ဈေးနှုန်းအရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍ၏ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး ရည်မှန်းချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေနှင့် နှိုင်းယှဉ်၍ တစ်ဖက်ပါ ပုံပြဂရပ်ဖြင့် ဖော်ပြ ပါသည်-

**ပုံ ၅-၁၄**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း**

**ကုန်သွယ်မှုကဏ္ဍ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး ရည်မှန်းချက်**

**(နှစ်အလိုက်ဈေးနှုန်းအရ)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

# နိဂုံး

## ၆။ နိဂုံး

နိုင်ငံတော်၏ လူမှုစီးပွားဘက်စုံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စီးပွားရေးမူဝါဒများ၊ ဦးစားပေးနယ်ပယ်များ၊ ဒေသများနှင့်လုပ်ငန်းများ၊ ပြည်သူများ၏ ဆန္ဒလိုအပ်ချက်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအပေါ် အလေးထား ရေးဆွဲခဲ့ပါသည်။

ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ ဘောင်အတွင်းမှ ဒေသ၏ စီးပွားရေး မူဝါဒများ၊ ရရှိနိုင်သော ဒေသရှိအရင်းအမြစ်များ၊ အရင်းအနှီးများအပေါ် အခြေခံ၍ အမှန်တကယ် နိုင်ငံနှင့်ဒေသအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ခွင့်ပြုနိုင်သော နိုင်ငံတော် ဘဏ္ဍာရံပုံငွေနှင့် ချေးငွေ၊ ထောက်ပံ့ငွေ၊ အကူအညီရငွေ စသည့် ဘဏ္ဍာ အရင်းအမြစ်များနှင့် ပေါင်းစပ်ကာ ညှိနှိုင်းရေးဆွဲ ခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရရှိရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် အခြေခံကျကျ ဖြည့်ဆည်းရမည့် ကုန်ထုတ်လုပ်ငန်းများဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ တိုးချဲ့နိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ရေးတို့အတွက် မျှော်မှန်းပါသည်။

နိုင်ငံ၏စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်ရာတွင် နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်ရုံသာမက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍမှ အဓိကမောင်းနှင်အားအဖြစ်ပါဝင်နေရာ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးရန် လျာထားပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို မူဝါဒ ပြုပြင်ပြောင်းလဲမှုဖြင့် ဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း စီးပွားရေးအရ အကျိုးအမြတ် နည်းသော်လည်း ပုဂ္ဂလိကလုပ်ငန်းများမှ ဆောင်ရွက်မပေးနိုင်သည့် လမ်း၊

တံတား၊ ဆေးရုံ၊ ရုံး၊ ကျောင်းနှင့် ရေရရှိရေး စသည့် ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံတော်အပိုင်းမှ ဦးစားပေး ဆောင်ရွက်နိုင်ရန် လျာထားပါသည်။

နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာဈေးကွက်၏ ဝယ်လိုအားပြောင်းလဲမှုဖြစ်စဉ် (Demand Chain)နှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ပြည်တွင်း Supply များကို ဖြည့်ဆည်းပေးမည့် ထုတ်လုပ်သူများအတွက် လိုအပ်သောနည်းစနစ်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရည်မှန်းထားပါသည်။

ကမ္ဘာ့စီးပွားရေးပြောင်းလဲမှုနှင့်အတူ လိုက်ပါနိုင်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် ပြည်သူ့အတွက် အမှန်လိုအပ်သည့် အခြေခံအဆောက်အအုံများအတွက် နိုင်ငံပိုင်ကဏ္ဍမှ ရင်းနှီးမြှုပ်နှံရမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိကကဏ္ဍများအတွက် အကျိုးဖြစ်ထွန်းစေသည့် အခြေခံအဆောက်အအုံပိုင်းကိုလည်း ပုဂ္ဂလိကအပိုင်းမှ ပါဝင်ဆောင်ရွက်ရန် လျာထားပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းသည် ချမှတ်ထားသည့် စီးပွားရေးမူဝါဒဘောင်အတွင်းမှ ပြည်ထောင်စု ဝန်ကြီးဌာနများ၏ မူဝါဒ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ မူဝါဒများ၊ ဦးစားပေးအစီအစဉ်များနှင့် ဘဏ္ဍာငွေ ရရှိနိုင်မှုတို့နှင့် ချိန်ညှိရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ရည်မှန်းထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်မည်ဆိုပါက ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆန့် နိုင်ရေး၊ အာဆီယံစီးပွားရေး အသိုက်အဝန်းသို့ ဝင်ဆန့်နိုင်ရေး မျှော်မှန်းချက်များအတွက် စီးပွားရေးအခြေခံကောင်းများ ရရှိမည့်အပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။